# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း (၈)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (2-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၆၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု “ယဉ်ကျေးဝေဆာ မေမြန်မာ၊ မျိုးဂုဏ်မပျက် ဝတ်ဆင်လျှက်” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေး




**နေပြည်တော် ဇူလိုင် ၁**

“ယဉ်ကျေးဝေဆာ မေမြန်မာ၊ မျိုးဂုဏ်မပျက် ဝတ်ဆင်လျှက်” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် ပါဝင်ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။

## အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်အသင်းတို့ ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁**

၂၀၂၆ ခုနှစ် အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အုပ်စု(C)ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်ဘောလုံးအသင်းတို့၏ခြေစစ်ပွဲကို ဇူလိုင် ၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်
အယ်ဒီတာ့အာဘော်

## သမိုင်းဝင်ချစ်ကြည်ရေးခရီးစဉ်များမှ ပေါ်ထွန်းလာမည့်နိုင်ငံ့အကျိုးစီးပွား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ၊ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခဲ့ပြီးနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့ပြီး အဆိုပါနိုင်ငံနှစ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာ ပိုမိုတိုးတက်မြင့်မားလာစေရေးဆွေးနွေးခဲ့ပါသည်။

ဇွန် ၂၆ရက် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ Minsk International Exhibition Center BEL-EXPO ၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025) ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာ၌ **"ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) ၏ အခြေခံမူများတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာ အာဏာတူညီမှုနှင့် နယ်နိမိတ်တည်တံ့မှုအပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာခြင်း၊ အမျိုးသားအကျိုးစီးပွားကို လေးစားခြင်းတို့သည် ကမ္ဘာတွင် လက်တွေ့လိုအပ်နေသည့် အရာများပင်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများသည် ကမ္ဘာ့နိုင်ငံများ၏အခြေခံမူများကို ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိသင့်ရှိထိုက်သည့် ကောင်းမွန်သည့် အခြေခံမူများကို အလေးထားပြီး ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နေသည့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) ၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ထောက်ခံကြောင်း"** စသည်ဖြင့်ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံ များသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်အကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ပြီး စီးပွားရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ၊ ပညာရေး၊ ခရီးသွားကဏ္ဍ စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပို၍ တိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ ဘယ်လာရုစ်နိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်သို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့မှုမှသည် အဆိုပါနိုင်ငံနှစ်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေသည့်အပြင် နိုင်ငံအတွက် ကဏ္ဍပေါင်းစုံ၌ အကျိုးရလဒ်ကောင်းများကို ဖြစ်ပေါ်လာစေမည့် ခရီးစဉ်ပင်ဖြစ်ပါကြောင်း ဂုဏ်ယူရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅)သို့ တက်ရောက်




**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၅) ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သော လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများမရှိစေရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စံပြု လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်ကာ ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခွင့်ပြုထားသည့် လုပ်ငန်းများကိုလည်း သတ်မှတ်ခွင့်ပြုထားသည့် နည်းလမ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် ယာမြေ စပါးစိုက်ပျိုးဧရိယာများအဖြစ်မှ စပါးစိုက်လယ်မြေအဖြစ်သို့ ပြောင်းလဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးချစ်ကိုကိုက လယ်ယာမြေဥပဒေပုဒ်မ- ၃၀(က)(ခ) အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စိစစ်တင်ပြရန် လွှဲပြောင်းပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပိမျိုးစုံပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးပိမျိုးစုံ ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့နိုင်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းကပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ဒေသထွက် ငါးပိမျိုးစုံ ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇွန်လအတွင်း ငါးပိမျိုးစုံပိဿာချိန် ၁၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇွန်လအတွင်း ငါးပိမျိုးစုံပိဿာချိန် ၁၅၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ ထုတ်လုပ်ထွက်ရှိတဲ့ငါးခြောက်တွေနဲ့ ငါးပိတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို အရောင်းအဝယ် ကောင်းလာလို့ ငါးပိလုပ်ငန်း လုပ်ကိုင်တဲ့သူတွေ အာလုံး အလုပ်အကိုင် အဆင်ပြေနေပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံသည် ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးပိ၊ ငါးပြေမငါးပိ စသည့်ရေချိုငါးပိများ အများဆုံး တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါငါးပိများမှ တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ မှ ၃၅၀၀၀ ထိ အမျိုးအစားလိုက် ဈေးအနိမ့်အမြင့်ရှိကြောင်း ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၉၂၀ ထိ စိုက်ပျိုးပြီးစီး

**ဝက်လက် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၉၂၀ ထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၅၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၅၉၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်းဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားမှာပါ။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်၊အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေ ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကဝမြို့နယ် သရက်ပင်ဆိပ်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများစစ်ဆေး

**ကဝ ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သရက်ပင်ဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ သရက်ပင်ဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်မှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကဝမြို့နယ် သရက်ပင်ဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သရက်ပင်ဆိပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၂၅ ဒသမ ၉၁ သန်း ထုတ်ချေးပေးထားကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ပြောပြ၍ သိရသည်။

ကိုညို

# မှော်ဘီမြို့နယ် နှောကုန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မှော်ဘီ ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှောကုန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး နှောကုန်းတောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၄၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

နှောကုန်းတောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၉ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

# ဘုတလင်မြို့နယ်တွင် ပဲစင်းငုံ ၆၉၉၈ ဧကထိ စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



**ဘုတလင် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ပဲစင်းငုံ ၆၉၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၃၄၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၉၉၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲစင်းငုံဧက ၃၄၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၉၉၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် ပဲစင်းငုံကို အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆည်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊အသင်းသူ ၈၆ ဦးကို ငွေကျပ် ၅၅ ဒသမ ၃ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# မအူပင်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇူလိုင် ၁**


ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၈၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း မနောသုခ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇွန်လအတွင်း ဒီဘက်ကနေ မနောသုခဆန် အိတ်ရေများများ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ မနောသုခ ဆန်အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်တယ်။ မနောသုခဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထားတင်ပို့ရောင်းချနေပါတယ်''ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ် အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# သျှစ်သောင်းပုထိုးတော်ကြီးရှိ အာနန္ဒစန္ဒြကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)



သျှစ်သောင်းပုထိုးတော်ကြီးတွင်စိုက်ထူထားသည့် အာနန္ဒစန္ဒြကျောက်စာကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏ အထင်ရှားဆုံး ရှေးဟောင်းကျောက်စာနှစ်ချပ်ကို ပြောပါဟုဆိုလျှင် ရာဇကုမာရ်ကျောက်စာနှင့် အာနန္ဒစန္ဒြကျောက်စာကို ပြနိုင်မည်ဖြစ်သည်။ ရာဇကုမာရ်ကျောက်စာသည် ပုဂံမြစေတီရင်ပြင်နှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် တည်ရှိ၍ အာနန္ဒစန္ဒြကျောက်စာသည် မြောက်ဦးမြို့နယ်ရှိ သျှစ်သောင်းပုထိုးတော်ကြီးတွင်ရှိသည်။

ကျောက်စာနှစ်ချပ်စလုံးသည် လေးမျက်နှာပါရှိသည့်ကျောက်စာတိုင်များဖြစ်၍ ရာဇကုမာရ်ကျောက်စာတွင် အကြောင်းအရာတစ်ခုတည်းကို ပျူ၊ မွန်၊ မြန်မာ၊ ပါဠိဘာသာတို့ဖြင့် ရေးထိုးထားကာ အာနန္ဒစန္ဒြကျောက်စာတွင် သက္ကတဘာသာစကားကို ပြာဟ္မီပွား အက္ခရာသုံးမျိုးဖြင့် ရေးထိုးထားသည်။ ကျောက်စာတွင် မျက်နှာလေးဖက်ပါရှိသော်လည်း မျက်နှာသုံးဖက်တွင်သာ စာများရေးထိုးထားသည်။

အာနန္ဒစန္ဒြကျောက်စာသည် ကိုးပေ ခုနစ်လက်မမြင့်၍ တစ်မျက်နှာလျှင် နှစ်ပေ လေးလက်မ ကျယ်သည့် မျက်နှာလေးဖက်ပါရှိသည့် လေးထောင့်ကျောက်စာတိုင်ဖြစ်သည်။

ရာဇကုမာရ်ကျောက်စာသည် ပုဂံခေတ် အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ သာသနာရေး၊ စာပေ၊ ကျွန်ရွာပေးခြင်း၊ ဘုရားပုထိုးတည်၍ ဆင်းတုတော်ဌာပနာခြင်း၊ ကျောက်စာရေးထိုးခြင်း၊ ကောင်းမှုကုသိုလ်ကို ရေစက်ချလှူဒါန်း၍ ဆုတောင်းခြင်း၊ ဘုရားပုထိုးများသို့ ကျွန်များလှူခြင်း၊ ဘုရားစေတီဖျက်ဆီးသူများကို ကျိန်စာပေးခြင်း စသည်ဖြင့် အစဉ်အလာနှင့် ပုဂံယဉ်ကျေးမှုသမိုင်းကိုဖော်ထုတ်ရာတွင် များစွာအထောက်အပံ့ဖြစ်ခြင်းကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့တွင် ကျင်းပသည့် (၁၂) ကြိမ်မြောက်အစည်းအဝေးတွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

ထို့အတူ အာနန္ဒစန္ဒြကျောက်စာကို အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ (MOWCAP)က ၂၀၁၈ ခုနှစ် မေ ၂၉ ရက်မှ ဇွန် ၁ ရက်ထိ တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့၌ ပြုလုပ်ကျင်းပခဲ့သည့် ရှစ်ကြိမ်မြောက် မှတ်တမ်းအမွေအနှစ်ဆိုင်ရာ အာရှ-ပစိဖိတ်ကော်မတီအစည်းအဝေးတွင် ဒေသတွင်း မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခဲ့သည်။

**သျှစ်သောင်းပုထိုးတော်ကြီး**

မြောက်ဦးဒေသတွင်ရှိသည့် ဘာသာရေးအဆောက်အအုံများအနက် သျှစ်သောင်းပုထိုးတော်ကြီးသည် ၁၅၃၅ ခုနှစ်တွင် မြောက်ဦးဘုရင်မင်းဗာကြီး (၁၅၃၁-၁၅၅၃)တည်ဆောက်ခဲ့သည့် အဆောက်အအုံဖြစ်၍ မြောက်ဦးမြို့၏ မြောက်ဘက်တစ်မိုင်အကွာရှိ ဖိုးခေါင်တောင်ခြေ ရခိုင်ရိုးမတောင်တန်း၏အနောက်တောင်ဘက်တွင်တည်ရှိသည်။ ပုထိုးတော်ကြီးသည် မုခ်သုံးဖက်ပိတ်ဖြစ်ပြီး အရှေ့မုခ်တစ်ခုတည်းကိုသာ ဝင်ပေါက်ပြုလုပ်ထားသည်။ ဝင်္ကပါတစ်ခုသဖွယ် တည်ဆောက်ထားသည့် သျှစ်သောင်းပုထိုးတော်ကြီးကို ခံတပ်အဖြစ် အသုံးပြုဖွယ်ရှိခဲ့ကြောင်း ယူဆကြသည်။

မင်းဗာကြီးသည် ဘိုးခေါင်တောင်အနီး၌ ပုထိုးတော်ကြီးတည်မည့်နေရာကို မြေညှိ၍ ဓာတ်တော်မွေတော် ၈၀၀၀၀ နှင့် ဥဏ်တော်နှစ်တောင့်တစ်မိုက်စီရှိသည့် ရွှေဆင်းတု ၁၀၈ ဆူ၊ ငွေဆင်းတု ၁၀၈ ဆူ၊ ရတနာကိုးပါးဆင်းတုတော် ၁၀၈ ဆူတို့ကို ဌာပနာထည့်သွင်းခဲ့သည်။ ကျောက်ပြားများဖြင့်ပိတ်ထားသော ဌာပနာခန်းအပြင်၌ ပုထိုးတော်ကြီးကို ဦးခိုက်ရှိခိုးနေသည့် မင်းဗာကြီးအပါအဝင် မြောက်ဦးကိုစိုးစံခဲ့သည့် ဘုရင် ၁၂ ပါးတို့၏ ရွှေရုပ်တုများကိုနေရာချခဲ့သည်။ ပုထိုး၏အပြင်ဌာပနာတစ်ထပ်ကို ကျောက်ပြားများဖြင့်ပိတ်၍မြေဖို့ကာ တည်ဆောက်ခဲ့သည်။

ပုထိုးတွင် ဘုရားရှင်၏ဓာတ်တော် ၈၄၀၀၀ ကို ဌာပနာခဲ့သဖြင့် သျှစ်သောင်းပုထိုးတော်ကြီးဟု အမည်တွင်ခဲ့သည်။ အင်္ဂါ ၁၂ မြို့နှင့် ပေါ်တူဂီရေတပ်ကို မင်းဗာကြီးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် သျှင်ငယ်ဆရာဦးမြဝါ ဦးစီးတည်ထားခဲ့သောကြောင့် ရန်အောင်ဇေယျ ပုထိုးတော်ကြီးဟုလည်းခေါ်တွင်ကြောင်း မြောက်ဦးဒေသရှိ ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းစာအုပ်တွင် ဖော်ပြထားသည်။

သျှစ်သောင်းပုထိုးတော်ကြီး၏ အောက်ခံလိုဏ်များပေါ်တွင် ပင်မစေတီကြီးနှင့် အရံစေတီ ၂၆ ဆူရှိသည်။ ပင်မစေတီသည် ကြီးမားသောခေါင်းလောင်းပုံဖြစ်ပြီး စေတီများအားလုံးကို ဝေသာလီခေတ်စေတီလုံးများဟန်၊ ဓာတ်လုံးစေတီများအဖြစ် တည်ဆောက်ခဲ့သည်။ ဓာတ်တော်တိုက်ကို ကုဗပုံသဏ္ဌာန်ပြုလုပ်ထားပြီး ပုထိုးတော်ကြီးကို ကြီးမားသော သဲကျောက်တုံးများဖြင့် သပ်စီပေါင်းမိုးများပြုလုပ်လျက် ဝင်္ကပါလိုဏ်ငါးထပ်ဆောက်လုပ်ခဲ့သည်။ ပုထိုးတော်ကြီး၏အပြင်နံရံအတွင်း၌ သက်တော်ထင်ရှားအရွယ်ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော် ၂၈ ဆူကို မုခ်ကပ် ၂၈ ခုတွင် ကျောချင်းကပ်လျက် ပူဇော်ထားသည်။ ရုပ်တုများကြားမှ အလင်းရောင်ကို အတွင်းနံရံပေါ်သို့ ကျရောက်စေရန်စီစဉ်ခဲ့သည်။

လိုဏ်ဂူနံရံ မဏ္ဍိုင်ငါးရပ်တွင် ဘုရားလောင်းဘဝဖြစ်တော်စဉ်များ၊ ဇာတ်နိပါတ်များနှင့်ရခိုင်ရာဇဝင်များမှ ဇာတ်ရုပ်များကို ရုပ်လုံးရုပ်ကြွများ ထုလုပ်ထားရာ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့အပြင် ကျေးငှက်တိရစ္ဆာန်ရုပ်များလည်း ပါဝင်သည်။ တီးမှုတ်ကခုန်နေသည့်လူများ၊ ဆင်ဖမ်းနေပုံများ၊ စစ်ရေးစစ်ရာများ၊ ရခိုင်ရိုးရာကျင်ကစားနေပုံ ရုပ်လုံးရုပ်ကြွများအပြင် ဆံပင်ကိုရှေညှစ်နေသည့် မြေစောင့်နတ်သမီးဝသုန္ဒရေကျောက်ဆစ်ရုပ်ကိုလည်း တွေ့ရှိရသည်။

သျှစ်သောင်းပုထိုး၏ အရပ်မျက်နှာထောင့်များတွင်ရှိသည့် ရုပ်တုအားလုံးသည် သရဖူဆောင်းထားပြီး ရခိုင်တော်ဝင်မိသားစုများ ဝတ်ဆင်လေ့ရှိသည့် ဝတ်ရုံတိုများကိုဝတ်ဆင်ကာ အဆင်တန်ဆာများဆင်မြန်းထားကြသည်။ အရှေ့တောင်ဘက်ထောင့်တွင်ရှိသည့် မဟာပိန္နဲဟု ထင်ရှားသော ဆင်ခေါင်းပါဂနေးရှားနတ်ရုပ်ပေါ်တွင် မတ်တတ်ရပ်နေသည့်ရုပ်တုကို မင်းဗာကြီးရုပ်တုဟုယူဆကြသည်။ မင်းဗာကြီးရုပ်တုသည် မိမိကိုယ်ကို စကြာဝတေးမင်းဟုယူဆချက်ကို ဖော်ညွှန်းနေသည်။ ဘုရင်မင်းဗာကြီးသည် လက်ခြောက်ဖက်တွင် ဝရဇိန်အပါအဝင် လက်နက်များကိုကိုင်ဆောင်ထားကာ ရုပ်တု၏တစ်ဖက်တစ်ချက်ရှိ ကြာခံခွက်များတွင် အမျိုးသမီးနှစ်ဦးစီရပ်နေကြသည်။ ၎င်းအမျိုးသမီးများသည် မင်းဗာကြီး၏ မိဖုရားများဖြစ်ဖွယ်ရှိကာ နှစ်ဦးက အိန္ဒိယအမျိုးသမီးဝတ်ရုံ ဆာရီကိုဝတ်ဆင်ထားပြီး ကျန်နှစ်ဦးက ရခိုင်ဝတ်စုံများကို ဝတ်ဆင်ထားသည်။ ပုထိုးတော်၏ထောင့်လေးထောင့်ရှိ သက်ရှိအရွယ် ရုပ်တုများကိုလည်း မင်းဗာကြီးရုပ်တုများဟုပင် ယူဆကြသည်။ သျှစ်သောင်းပုထိုးတော်ကြီးတွင် ဟိန္ဒူဘာသာဆိုင်ရာ ဗိသုကာအနုပညာလက်ရာများကိုလည်း တွေ့ရှိရသည်။

**အာနန္ဒစန္ဒြကျောက်စာ**

သျှစ်သောင်းပုထိုးတွင် အနောက်ဘက်၊ တောင်ဘက်နှင့်မြောက်ဘက်မျက်နှာများကို မဟာရံတံတိုင်းဖြင့်ပိတ်ထားပြီး အရှေ့ဘက်တောင်ခြေ၌သာ ဘုရားသို့ဝင်ရန် မုခ်ပေါက်ရှိသည်။ ထိုအရှေ့ဘက်မုခ်ဝင်ပေါက်သို့ ဘုရားတောင်ဘက် ပေ ၂၀၀၀ အကွာရှိ တောင်ခြေရင်းမှ စောင်းတန်းအတိုင်း လျှောက်သွားကြရသည်။

သျှစ်သောင်းပုထိုး၏ တောင်ဘက်စောင်းတန်းလှေကားလက်ဝဲဘက်တွင် အာနန္ဒစန္ဒြကျောက်စာတိုင်ရှိသည်။ ၎င်းကျောက်စာသည် အေဒီ ၄ ရာစုမှ ၁၀ ရာစုအတွင်း နန်းတက်ခဲ့သည့် ဘိုးဘေးစဉ်ဆက်မင်းများနန်းတက်ပုံ၊ အုပ်ချုပ်ပုံ၊ အလှူဒါနပြုပုံများကို သက္ကတဘာသာဖြင့် ရေးထိုးထားသည်။ ကျောက်စာတိုင်၏ မြောက်ဘက်တွင်ခရုသင်းပုံနှင့် ဓမ္မစကြာအဝိုင်းပုံပါရှိသော ကျောက်စာတစ်ချပ်ရှိသည်။ မင်းဗာကြီးသည် အာနန္ဒစန္ဒြကျောက်စာတိုင်နှင့် ထိုကျောက်စာချပ်ကို ၁၅၃၅ ခုနှစ်တွင် ဝေသာလီမြို့ဟောင်းမှ ယူဆောင်လာပြီး သျှစ်သောင်းပုထိုးတွင် စိုက်ထူခဲ့သည်။

ဘက်မျက်နှာတွင် ရေးထိုးထားသည့် စာလုံးများနှင့် ပုံစံတူညီသဖြင့် အရှေ့ဘက်မျက်နှာပါစာသားများ၏ အဆက်ဖြစ်ဖွယ်ရှိကြောင်းလည်း ယူဆကြသည်။

ကျောက်စာမြောက်ဘက်မျက်နှာ၌ ထိုစာကြောင်းများ၏အောက်တွင် ဆက်လက်ရေးထိုးထားသည့် စာသားများသည် အေဒီ ၈ ရာစုနှင့် ၁၀ ရာစုအတွင်း ရေးထိုးထားသည့် အက္ခရာများဖြစ်မည်ဟု ခန့်မှန်းကြကာ စာကြောင်းရေ ၆၉ ကြောင်းရှိသည်။ ထိုစာကြောင်းများ၏အပေါ်ပိုင်းသည် ခြစ်ရာဖျက်ရာများ ပြည့်နေသဖြင့် ဖျက်ဆီးခံခဲ့ရသလောဟု ဆင်ခြင်ဖွယ်ဖြစ်နေသည်။

အာနန္ဒစန္ဒြကျောက်စာ အနောက်ဘက်မျက်နှာတွင် စာကြောင်းရေ ၇၃ ကြောင်းရှိ၍ ထိုစာသားများကို ၆၄၉ ခုနှစ်တွင် အာနန္ဒာစန္ဒြမင်းက ရေးထိုးခဲ့သည်။ စာကြောင်းရေ ၇၃ တွင် ဧကာဒဂါမဇ္ဇေဟူသည့် သက္ကရာဇ်ကိန်းဂဏန်းရေးထိုးထားသဖြင့် ထိုသက္ကရာဇ်ကို အကိုးအကားပြုကာ ကျောက်စာအနောက်ဘက်မျက်နှာကို သာသနာသက္ကရာဇ် ၁၁၉၃ ခုနှစ်တွင် ရေးထိုးခဲ့ကြောင်း သုတေသီမောင်ဖြူ(ကြို့တဲကျွန်း)က စာတမ်းရေးသားခဲ့သည်။ သာသနာသက္ကရာဇ်မှ ၅၄၄ ကိုနုတ်လျှင် ခရစ်နှစ်ကိုရသဖြင့် ကျောက်စာ၏ ထိုမျက်နှာကို ၆၄၉ ခုနှစ်တွင် ရေးထိုးခဲ့ကြောင်း သိရှိနိုင်ခဲ့သည်။ ကျောက်စာတွင် ပါရှိသည့် အကြောင်းအရာများကို ဂါထာ ၆၅ ပိုဒ်၊ စကားပြေ တစ်ပိုဒ်တို့ဖြင့် ရေးသားခဲ့သည်။

၎င်းမျက်နှာမှာပင် ဝေသာလီမင်းဆက် သုံးဆက်ကိုဖော်ပြထားရာ ပထမမင်းဆက်တွင် မင်း ၁၅ ပါး၊ နန်းစံနှစ်ပေါင်း ၁၀၆၀ ရှိကြောင်း၊ ဒုတိယမင်းဆက်တွင် မင်း ၁၃ ပါး၊ နန်းစံနှစ်ပေါင်း ၂၃၀ ရှိကြောင်း၊ တတိယမင်းဆက်တွင် မင်းကိုးပါး၊ နန်းစံနှစ်ပေါင်း ၁၂၈ နှစ် ၉ လရှိကြောင်း ရေးထိုးထားသည်။ ကျောက်စာအရ ဝေသာလီခေတ်တွင် မင်းဆက် ၃၇ ဆက်က ၁၄၁၈ နှစ် ၉ လ နန်းစံခဲ့ကြောင်း တွေ့ရှိရသည်။

❖သျှစ်သောင်းပုထိုး၏ တောင်ဘက်စောင်းတန်းလှေကားလက်ဝဲဘက်တွင် အာနန္ဒစန္ဒြကျောက်စာတိုင်ရှိသည်။ ၎င်းကျောက်စာသည် အေဒီ ၄ ရာစုမှ ၁၀ ရာစုအတွင်း နန်းတက်ခဲ့သည့် ဘိုးဘေးစဉ်ဆက်မင်းများနန်းတက်ပုံ၊ အုပ်ချုပ်ပုံ၊ အလှူဒါနပြုပုံများကို သက္ကတဘာသာဖြင့်ရေးထိုးထားသည်။ ကျောက်စာတိုင်၏မြောက်ဘက်တွင် ခရုသင်းပုံနှင့် ဓမ္မစကြာအဝိုင်းပုံပါရှိသောကျောက်စာတစ်ချပ်ရှိသည်။ မင်းဗာကြီးသည် အာနန္ဒစန္ဒြကျောက်စာတိုင်နှင့် ထိုကျောက်စာချပ်ကို ၁၅၃၅ ခုနှစ်တွင် ဝေသာလီမြို့ဟောင်းမှယူဆောင်လာပြီး သျှစ်သောင်းပုထိုးတွင် စိုက်ထူခဲ့သည်။ ❖

အာနန္ဒစန္ဒြကျောက်စာတွင် အနောက်ဘက်မျက်နှာ၌ ရေးထိုးထားသည့် စာသားများမှလွဲ၍ ကျန်မျက်နှာများရှိ စာသားများကို ပြည့်စုံစွာဖတ်ရှုနိုင်ခြင်းမရှိသေးပေ။

ကျောက်စာ၏ အရှေ့ဘက်မျက်နှာတွင် စာကြောင်းရေ ၁၀၀ ရေးထိုးထားသည်။ နှစ်ကာလကြာမြင့်ပြီဖြစ်သဖြင့် ကျောက်သားပွန်းပဲ့မှုကြောင့် စာသားများက မှုန်ဝါးကာ ရေးရေးသာ ထင်ရှားမှုရှိတော့သည်။ ထိုစကားလုံးများကို အေဒီ ၅ ရာစုက လက်ရေးလက်သားဟု ပညာရှင်များက ယူဆသည်။ ကျောက်စာမြောက်ဘက်မျက်နှာ အပေါ်ဆုံးတွင် ရေးထိုးထားသည့်စာကြောင်း ငါးကြောင်းသည် အရှေ့

ကျောက်စာတောင်ဘက်မျက်နှာသည် အပေါ်ပိုင်းမှအောက်ပိုင်းထိ အလယ်တည့်တည့်တွင် ထွင်းရာ အစင်းကြောင်းကြီးရှိနေပြီး မည်သည့်စာမျှ ရေးထိုးထားခြင်းမရှိပေ။

ကျောက်စာ၏ အရှေ့ဘက်မျက်နှာကို ၆ ရာစုတွင်လည်းကောင်း၊ မြောက်ဘက်မျက်နှာကို ၈ ရာစုတွင်လည်းကောင်း၊ တောင်ဘက်မျက်နှာကို ၁၀ ရာစုတွင်လည်းကောင်း ရေးထိုးခဲ့သည်ဟု ယူဆကြသည်။ ထို့ကြောင့် ကျောက်စာတိုင် တစ်တိုင်တည်းတွင် ၆ ရာစုမှ ၁၀ ရာစုအတွင်း နှစ် ၂၀၀ စီခြားလျက် ပြာဟ္မီပွား အက္ခရာသုံးမျိုးဖြင့် ရေးထိုးခဲ့သည်ဟု ဆိုကြသည်။

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၂၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ် မေလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ဧဧ ဒသမ ၄၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ စပါး ၄၂၃၉ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နွေစပါးခင်းတွေ အခုလက်ရှိဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီး စပါးတွေအမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

**ကျောက်စာမှတ်တမ်း**

အာနန္ဒစန္ဒြကျောက်စာ မင်ကူးခတ်ပုံများကို မြန်မာတိုင်းရင်းကျောက်စာများ စတုတ္ထထုတ်စာအုပ်တွင် ဖော်ပြထားသည်။ ကျောက်စာပါ စာသားများကို သက္ကတဘာသာဖြင့်ရေးထိုးထားသည်။

အာနန္ဒစန္ဒြကျောက်စာအကြောင်းကို ၁၉၂၅-၁၉၂၆ ခုနှစ် အိန္ဒိယ ရှေးဟောင်းသုတေသနဌာန နှစ်ချုပ်အစီရင်ခံစာတွင် အနည်းအကျဉ်း ဖော်ပြထားပြီး အိန္ဒိယကျောက်စာဝန် ဒေါက်တာပီအင်ချာကရာဝါတီက အာနန္ဒစန္ဒြကျောက်စာကို ၁၉၃၀ ပြည့်နှစ်က ဖတ်ခဲ့သော်လည်း စာအုပ်ထုတ်ဝေခဲ့ခြင်းမရှိချေ။ ထို့နောက် အောက်စဖို့တက္ကသိုလ်မှ ဒေါက်တာ အီးအိပ်ချ်ဂျွန်စတင်သည် ၁၉၃၅ ခုနှစ်မှ ၁၉၄၂ ခုနှစ် အတွင်း ကျောက်စာတစ်ခုလုံးကို ဖတ်ခဲ့သည်။ သူကွယ်လွန်သွားပြီးနောက် သူ၏စာမူကြမ်းကို ပါမောက္ခဆာရစ်ရစ်ချပ်ဘန်းနှင့် ပါမောက္ခဂျီအိပ်ချ်လုစ်တို့က တည်းဖြတ်၍ Some Sanskrit Inscriptions of Arakan ခေါင်းစဉ်ဖြင့် Bulletin SOAS Vol. XI တွင် ထည့်သွင်းဖော်ပြခဲ့သည်။

မြန်မာစာပေပညာရှင်များဖြစ်သည့် မွန်ဘိုကေ၊ မင်းသုဝဏ်၊ ဦးမြင့်ဆွေ၊ ဦးအောင်သာဦးတို့က ဆောင်းပါးများ ရေးသားခဲ့သည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းနှင့် ဦးစံသာအောင်တို့ကလည်း စာအုပ်စာတမ်းများ ရေးသားခဲ့သည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် သျှစ်သောင်းပုထိုးတော်ကြီးရှိ အာနန္ဒစန္ဒြကျောက်စာသည် မြန်မာ့သမိုင်းအတွက်သာမက ရခိုင်တိုင်းရင်းသားများနှင့် ယဉ်ကျေးမှုသမိုင်းအတွက်ပါ အလွန်အရေးပါသည့် မှတ်တမ်းအထောက်အထားဖြစ်သဖြင့် အစဉ်အဆက် ထိန်းသိမ်းခဲ့သူများ၏ကျေးဇူးကား အလွန်ကြီးမားခဲ့သည်။

ထို့အတူ ကျောက်စာကိုဖတ်ရှုခဲ့သည့် ပညာရှင်များနှင့် သုတေသီများကြောင့် အာနန္ဒစန္ဒြကျောက်စာသည် မြန်မာနိုင်ငံတွင် အထင်ရှားဆုံးကျောက်စာများအနက်တစ်ခုဖြစ်လာခဲ့ပေသည်။

**ကိုးကား**

- **ခေတ်ဟောင်းရာဇဝင်(ဒေါက်တာသန်းထွန်း)**
- **အာနန္ဒစန္ဒြရှစ်ရာစုရခိုင်ဝေသာလီမင်း (ဦးစံ သာအောင်)**
- **အာနန္ဒစန္ဒြကျောက်စာရေးထိုးနှစ်နှင့် နောက်ထပ်တွေ့ရှိချက်များ စာတမ်းမောင်ဖြူ (ကြို့တဲကျွန်း)**
- **မြောက်ဦးဒေသရှိ ရှေးဟောင်းအဆောက် အအုံများမှတ်တမ်း (ယဉ်ကျေးမှုဝန်ကြီးဌာန)**

## တို့မြန်မာ သာယာရေး

- ပြည်ဖျက်ရန် အမြန်ကင်းပါလို့
သန့်ရှင်းသော နေ့သစ်တွေ၊
ဆက်သွယ်နိုင် မြန်မာတစ်ဝန်း
ပြုံးပန်းပွင့်ဝေ၊
စီးပွားရေးလည်း အဆင်ပြေ
ကျန်းမာပါစေ လူသားများ၊
မြန်မာ့မြေ သာယာငြိမ်းဖို့
ကိန်းပွားတရား။

- ပူးပေါင်းကာ ဖြေရှင်းသွား
ဆက်သွယ်ထား မြန်မာဝယ်၊
ကူညီရန် အဆင်သင့်
မြင့်မြတ်ပါတယ်၊
မေတ္တာပေး အေးမြဖွယ်
မြန်မာ့မြေရယ် ငြိမ်းချမ်း၊
ခေတ်မီမြန် နည်းစနစ်ဖြင့်
သစ်လွင်မှုလွှမ်း။

- ဤမြန်မာ နယ်တစ်ဝန်း
လက်တွဲကမ်း သာယာပျော်၊
ရွှေပြည်သူ ပြည်သားများ
ခွန်အားဖြစ်ပေါ်၊
အမိမြေအား မြတ်နိုးနော်
အလှဆင်ဖော် သတိရ၊
ပတ်ဝန်းကျင် အရင်းမြစ်ကို
ချစ်မြတ်နိုးကြ။

- တောတောင်မြေ ဝန်းကျင်က
ရှုခင်းအလှ တည်နေမည်၊
လိုက်နာပါ စည်းကမ်းများ
ကြိုးစားကြညီ၊
တို့ချစ်သော မြန်မာပြည်
ရေရှည်တည် အစဉ်ခိုင်မြဲ၊
ဝိုင်းဝန်းကာ ထိန်းသိမ်းပြုကွယ်
တွေးရှုရင်ထဲ။ ။

**မောင်စစ်သွေး**

## နိုင်ငံတကာ သတင်းများ

# အမေရိကန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ် ဇူလိုင် ၇ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံမည်



**ဝါရှင်တန် ဇူလိုင် ၁**

အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်သည် ဇူလိုင် ၇ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုကို လက်ခံတွေ့ဆုံရန်စီစဉ်ထားကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ဇွန် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်သည်ဂါဇာကမ်းမြောင်ဒေသ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ် ရပ်စဲရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

ဇူလိုင် ၇ ရက် ဆွေးနွေးပွဲတွင် သမ္မတ ဒေါ်နယ်ထရန့်နှင့် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့အနေဖြင့် အီရန်၊ ဂါဇာ၊ ဆီးရီးယားနှင့် အခြားဒေသတွင်း ပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

လပေါင်း ၂၀ ကြာမြင့်နေပြီဖြစ်သည့် ဂါဇာပဋိပက္ခကို အဆုံးသတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တိုက်တွန်းထားသော်လည်း အစ္စရေးနိုင်ငံက ဇွန် ၃၀ ရက်ထိ ဂါဇာကမ်းမြောင်ဒေသကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေဆဲ ဖြစ်ကြောင်း သိရသည်။

အစ္စရေးတပ်မတော်က ဇွန် ၃၀ ရက်တွင် ပြုလုပ်ခဲ့သည့် တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင် တစ်ဝန်းအနည်းဆုံး လူပေါင်း ၆၀ သေဆုံးခဲ့ရသည်။

ဂါဇာအခြေစိုက် ဟားမတ်စ် အုပ်စုက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင်အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာပဋိပက္ခစတင်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းအရှေ့ပိုင်း လူးဟန့်ဒေသကို ရုရှားတပ်များ အပြည့်အဝထိန်းချုပ်

**မော်စကို ဇူလိုင် ၁**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း လူးဟန့်ဒေသကို ရုရှားတပ်များက အပြည့်အဝ ထိန်းချုပ်ထားနိုင်ပြီ ဖြစ်ကြောင်း လူးဟန့်ဒေသ အကြီးအကဲက ဇွန် ၃၀ ရက်တွင် ရုရှားအစိုးရမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

လူးဟန့်ဒေသသည် သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကာလအတွင်း ရုရှားတပ်များ ထိန်းချုပ်မှုအောက်သို့ အပြည့်အဝရောက်ရှိခဲ့သော ပထမဆုံးယူကရိန်းဒေသကြီးဖြစ်သည်။

ရုရှားသမ္မတပူတင်သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လူးဟန့်ဒေသ၊ ဒွန်းနက်စ်ဒေသ၊ ခါဆန်ဒေသနှင့် ဇာပိုရစ်ဇီယာဒေသများကို ရုရှားအချုပ်အခြာအောက် ထည့်သွင်းကြောင်း ကြေညာခဲ့သည်။

သို့ရာတွင် ရုရှားနိုင်ငံသည် ယင်းဒေသလေးခုစလုံးကို အပြည့်အဝထိန်းချုပ်နိုင်ခြင်း မရှိသေးမီမှာပင် အဆိုပါယူကရိန်းဒေသလေးခုကို ရုရှားအချုပ်အခြာအောက် ထည့်သွင်းကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များအနေဖြင့် လူးဟန့်ဒေသတစ်ခုလုံးကို အပြည့်အဝ ထိန်းချုပ်ထားနိုင်ပြီ ဖြစ်ကြောင်း လူးဟန့်ဒေသ အုပ်ချုပ်ရေးမှူး လီယိုနမ်ပါဆီနစ်ခ်က ပြောကြားထားသည်။

ရုရှားနိုင်ငံသည် လက်ရှိအချိန်တွင် ယူကရိန်း တစ်နိုင်ငံလုံးအကျယ်အဝန်း၏ ၁၉ ရာခိုင်နှုန်းနီးပါးကို ထိန်းချုပ်ထားနိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# အီးယူအဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများမှ အလုပ်သမားများအတွက် အလုပ်အကိုင်ဗီဇာသစ် ၅၀၀၀၀၀ခန့် အီတလီထုတ်ပေးမည်

**ရောမ ဇူလိုင် ၁**

ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံများမှ နိုင်ငံသားများအတွက် အလုပ်အကိုင် ဗီဇာသစ် ၅၀၀၀၀၀ နီးပါးကို လာမည့်သုံးနှစ်အတွင်း ထုတ်ပေးရန် အီတလီအစိုးရက စီစဉ်ထားကြောင်း ဇွန် ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီးယူအဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများမှ အလုပ်သမားများအတွက် လာမည့်နှစ်တွင် အလုပ်အကိုင်ဗီဇာ ၁၆၄၈၅၀ စတင်ထုတ်ပေးမည်ဖြစ်ပြီး ၂၀၂၈ ခုနှစ်အရောက်ထိ အဆိုပါဗီဇာပေါင်း ၄၉၇၅၅၀ ထိ ထုတ်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း အီတလီအစိုးရက ကြေညာချက်ထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ် ဂျော်ဂျီယာမီလိုနီဦးဆောင်သည့် အီတလီအစိုးရသည် အီးယူအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများမှ အလုပ်သမားများအတွက် အလုပ်အကိုင်ဗီဇာသစ်များကို ဒုတိယအကြိမ်ထပ်ထုတ်ပေးရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အီတလီအစိုးရသည် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်ကြားကာလတွင်လည်း အီးယူအဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများမှ အလုပ်သမားများအတွက် အလုပ်အကိုင်ဗီဇာ ၄၅၀၀၀၀ထုတ်ပေးခွင့်ပေးထားပြီးဖြစ်သည်။

သက်ကြီးလူဦးရေမြင့်တက်မှု၊ ကလေးမွေးဖွားမှုနှုန်း ကျဆင်းမှုတို့နှင့်ရင်ဆိုင်နေရသည့် အီတလီနိုင်ငံသည် လုပ်သားအင်အားလိုအပ်ချက်အတွက် ပြည်ပကျွမ်းကျင် အလုပ်သမားများကို ခေါ်ယူရန်လိုအပ်နေသည်။

အီတလီနိုင်ငံသည် ယူရိုငွေကြေးဇုန် နိုင်ငံများအနက် စီးပွားရေးအင်အားတတိယအကြီးဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယတောင်ပိုင်း ဓာတုပစ္စည်းစက်ရုံပေါက်ကွဲမှု၌ သေဆုံးသူအနည်းဆုံး ၃၉ ဦးထိရှိလာ

**ဒေလီ ဇူလိုင် ၁**

အိန္ဒိယနိုင်ငံ တောင်ပိုင်း တီလန်ဂါနာပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း ဓာတုပစ္စည်းစက်ရုံ မီးလောင် ပေါက်ကွဲမှုကြောင့် သေဆုံးသူ အရေအတွက်မှာ အနည်းဆုံး ၃၉ ဦးထိရှိလာပြီဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ဆီဂါချီဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီပိုင် အဆိုပါဓာတုပစ္စည်းထုတ်လုပ်မှုစက်ရုံ ပေါက်ကွဲမီးလောင်မှုမှာ ဇွန် ၃၀ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဓာတုပစ္စည်းထုတ်လုပ်မှုစက်ရုံ ပေါက်ကွဲမီးလောင်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ယနေ့တွင် အနည်းဆုံး ၃၉ ဦးထိရှိလာကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းအပြင် ဓာတုပစ္စည်းစက်ရုံပေါက်ကွဲမီးလောင်မှုကြောင့် ဒဏ်ရာရရှိသူ အရေအတွက်မှာလည်း ၃၄ ဦးထိ ရှိခဲ့ကြောင်း သိရသည်။

ဓာတုပစ္စည်းစက်ရုံ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားချိန်တွင် စက်ရုံအတွင်း အလုပ်လုပ်နေသည့် အလုပ်သမား ၁၀၈ ဦးထိ အလုပ်လုပ်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဓာတုပစ္စည်းစက်ရုံ ပေါက်ကွဲမီးလောင်မှုအကြောင်းရင်းကို အိန္ဒိယတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂျပန်ပင်လယ်စာများ တရုတ်နိုင်ငံဈေးကွက်သို့ ပြန်လည်တင်ပို့ခွင့်ရရှိ

**တိုကျို ဇူလိုင် ၁**



တရုတ်နိုင်ငံသည် နှစ်နှစ်ကျော်ကြာ တင်သွင်းခွင့်ပိတ်ပင်ထားသော ဂျပန်ပင်လယ်စာများအတွက် တရုတ်နိုင်ငံဈေးကွက်ကို ပြန်ဖွင့်ပေးလိုက်ပြီ ဖြစ်ကြောင်း ဇွန် ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျပန်အစိုးရက ဖူကူရှီးမား နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ရေဒီယိုသတ္တိကြွရေဆိုးများကို ပြန်လည်သန့်စင်၍ပစိဖိတ်သမုဒ္ဒရာအတွင်း စွန့်ပစ်ခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ဂျပန်ပင်လယ်စာများတရုတ်ဈေးကွက်သို့ တင်သွင်းမှုကို စတင်ပိတ်ပင်ခဲ့သည်။

ဖူကူရှီးမား နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၀၁၁ ခုနှစ် မြေငလျင်ကပ်ဘေးနှင့် ဆူနာမီကပ်ဘေးတို့ကြောင့် ဓာတ်ပေါင်းဖိုများ အပူလွန်ကဲပျက်စီးခဲ့ရသော နျူကလီးယားစက်ရုံဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်ဩဂုတ်လမှစ၍ ဂျပန်ပင်လယ်စာများ တရုတ်ဈေးကွက်သို့တင်သွင်းမှုကို စတင်ပိတ်ပင်ခဲ့ရာ ဂျပန်ပင်လယ်စာပို့ကုန်လုပ်ငန်းရှင်များ အထိနာခဲ့ရသည်။

သို့ရာတွင် ဂျပန်အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ဂျပန်ပင်လယ်စာများ တရုတ်ဈေးကွက်သို့ တင်ပို့မှုပိတ်ပင်ရေးစည်းမျဉ်းကို တရုတ်နိုင်ငံက ဇွန် ၂၉ ရက်က ရုပ်သိမ်းပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် တရုတ်နိုင်ငံသည် ဂျပန်စီရင်စုနယ်မြေ ၄၇ ခုအနက် ၁၀ခုတို့မှ ပင်လယ်စာပို့ကုန်များကို တရုတ်ဈေးကွက်သို့ တင်သွင်းခွင့်ပိတ်ပင်ထားဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အိုင်းစတိုင်းအာကာသယာဉ်က ကြယ်ကြီးများသေဆုံးချိန်တွင် ပေါ်ထွက်လာတတ်သည့် စကြဝဠာပေါက်ကွဲမှုပုံစံတစ်မျိုးကို ထောက်လှမ်းတွေ့ရှိထား



ပေကျင်း ဇူလိုင် ၁

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ အိုင်းစတိုင်းအာကာသယာဉ်သည် ကြယ်ကြီးများ သေဆုံးချိန်တွင် ပေါ်ထွက်လာတတ်သည့် စကြဝဠာ ပေါက်ကွဲမှုပုံစံတစ်မျိုးကို ထောက်လှမ်းတွေ့ရှိထားကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

အိုင်းစတိုင်း အာကာသယာဉ်က ထောက်လှမ်းတွေ့ရှိခဲ့သည့် စကြဝဠာပေါက်ကွဲမှုမှာ စက္ကန့် ၁၅၀ ကြာမြင့်ခဲ့သော အိတ်စ်ရေးရောင်ခြည် ပေါက်ကွဲမှုဖြစ်ကြောင်း၊ Ep 240414a ဟူ၍ အမည်ပေးထားသည့် အဆိုပါ အိတ်စ်ရေး ရောင်ခြည်ပေါက်ကွဲမှုသည် ကမ္ဘာမြေနှင့် အလင်းနှစ် လေးဘီလီယံ ကွာဝေးသော သေဆုံးလုဆဲဆဲ ကြယ်တစ်စင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

ကြယ်ပေါက်ကွဲမှုကြီးများမှ ပေါ်ထွက်လာသည့် အိတ်စ်ရေးရောင်ခြည်များကို ထောက်လှမ်းလေ့လာနိုင်ရေးမှာ အလွန်ခက်ခဲကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် အိုင်းစတိုင်း အာကာသယာဉ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုင်းစတိုင်းအာကာသယာဉ်သည် အဆင့်မြင့်နည်းပညာသုံး အာရုံခံစနစ်များဖြင့် စကြဝဠာ အိတ်စ်ရေးရောင်ခြည် ပေါက်ကွဲမှုများကို လေ့လာလျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## GOSAT-G10 ပင်လယ်ရေအပူချိန်နှင့် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များစောင့်ကြည့်ရေးဂြိုဟ်တုကို ဂျပန်နိုင်ငံ လွှတ်တင်ခဲ့

တိုကျို ဇူလိုင် ၁

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် GOSAT-G10 အမည်ရှိ ပင်လယ်ရေအပူချိန်နှင့် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များ စောင့်ကြည့်ရေးဂြိုဟ်တုကို ဇွန် ၂၈ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်တုကို အိတ်ချ်-၂အေ ဒုံးပျံဖြင့် တာနီဂါရှီးမား အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် အိတ်ချ်-၂အေ ဒုံးပျံသည် GOSAT-G10 ဂြိုဟ်တုကို သတ်မှတ်ထားသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



GOSAT-G10 ဂြိုဟ်တုသည် ၂၀၁၂ ခုနှစ်တွင် လွှတ်တင်ခဲ့သော GCDM-W2 ဂြိုဟ်တု၊ ၂၀၀၉ ခုနှစ်တွင် လွှတ်တင်ခဲ့သော GOSAT-1 ဂြိုဟ်တုများနှင့် ချိတ်ဆက်၍ ကွန်ရက် ဖွဲ့မည်ဖြစ်ကြောင်း သိရသည်။

GOSAT-G10 ဂြိုဟ်တုမစ်ရှင်သည် အိတ်ချ်-၂အေ ဒုံးပျံများ၏ အကြိမ် ၅၀ မြောက်မစ်ရှင်နှင့် နောက်ဆုံးမစ်ရှင် ဖြစ်ကြောင်းလည်း သိရသည်။

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် ၂၀၀၁ ခုနှစ်မှစ၍ အသုံးပြုခဲ့သော အိတ်ချ်-၂ အေ ဒုံးပျံများနေရာတွင် အိတ်ချ်-၃ ဒုံးပျံသစ်များဖြင့် အစားထိုးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဥရောပအာကာသအေဂျင်စီ၏ တည်နေရာနှင့်လမ်းကြောင်းပြနည်းပညာစမ်းသပ်ဂြိုဟ်တုများကို Rocket Lab ကုမ္ပဏီက လွှတ်တင်ပေးမည်

ဝါရှင်တန် ဇူလိုင် ၁

ဥရောပ အာကာသအေဂျင်စီ၏ တည်နေရာနှင့်လမ်းကြောင်းပြနည်းပညာ စမ်းသပ်ဂြိုဟ်တုများကို အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီက ဒီဇင်ဘာလအတွင်း လွှတ်တင်ပေးမည်ဖြစ်ကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် LEO-PNT ခေါ် ဂြိုဟ်တု တည်နေရာနှင့် လမ်းကြောင်းပြစနစ်ကို တည်ဆောက်ရန် စီစဉ်ထားပြီး ၎င်းစနစ်အတွက် ရှေ့ပြေးပုံစံဂြိုဟ်တု နှစ်စင်းကို လွှတ်တင်ရန် စီစဉ်ထားကြောင်း၊ Pathfinder A ဟူ၍အမည်ပေးထားသည့် ၎င်းဂြိုဟ်တုနှစ်စင်းကို Rocket Lab ကုမ္ပဏီက ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၅၁၀ အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

Pathfinder A ဂြိုဟ်တုနှစ်စင်းကို လွှတ်တင်ပြီးပါက Pathfinder B ဂြိုဟ်တု ရှစ်စင်းကို ဆက်လက်လွှတ်တင်ရန် ဥရောပ အာကာသအေဂျင်စီက စီစဉ်ထားပြီး အထက်ပါ စမ်းသပ်ဂြိုဟ်တု ၁၀ စင်း လွှတ်တင်ပြီးပါက LEO-PNT ဂြိုဟ်တု ကွန်ရက်အတွက် ပထမဆုံးဂြိုဟ်တုကို ၂၀၂၆ ခုနှစ် နွေဦးရာသီတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

Rocket Lab ကုမ္ပဏီသည် Pathfinder A ဂြိုဟ်တုများကို ယခုနှစ် ဒီဇင်ဘာလအတွင်း အီလက်ထရွန် ဒုံးပျံဖြင့် လွှတ်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အသားစားသုံးမှုကိုရှောင်ရှားပါက သီတင်းတစ်ပတ်လျှင် ကိုယ်အလေးချိန်တစ်ပေါင်ခန့် ကျဆင်းနိုင်

နယူးယောက် ဇူလိုင် ၁

လအနည်းငယ်ကြာမျှ အသားစားသုံးမှုကို ရှောင်ရှားခြင်းဖြင့် သီတင်းတစ်ပတ်လျှင် ကိုယ်အလေးချိန် တစ်ပေါင်ခန့်ထိ ကျဆင်းနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုယ်အလေးချိန် လွန်ကဲနေသော အရွယ်ရောက်သူများကို အသီးအရွက်များ လေးလကြာကျွေး၍ စောင့်ကြည့်ခဲ့ရာ စမ်းသပ်မှုကာလ ပြီးဆုံးချိန်တွင် စမ်းသပ်မှုတွင်ပါဝင်သူများ၌ ကိုယ်အလေးချိန် ၁၃ ပေါင်ထိကျဆင်းသွားကြောင်း သိရသည်။

အသား၊ နို့နှင့် ဥတို့ ပါဝင်မှုမရှိသည့် အပင်အခြေခံဓာတ်စာများသည် အစာချေဖျက်စဉ်အတွင်း အက်စစ်ထုတ်လွှတ်မှု နည်းပါးကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

တိရစ္ဆာန်ထွက် အစားအစာများတွင်ပါရှိသော အက်စစ်များ လူ့ကိုယ်တွင်းစုစည်းမှု မြင့်မားပါက ရောင်ရမ်းမှုပြဿနာ ပေါ်လာတတ်ပြီး ကိုယ်အလေးချိန် တိုးလာတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တိရစ္ဆာန်ထွက် အစားအစာများနေရာတွင် အစိမ်းရောင်အသီးအရွက်များ၊ ဘယ်ရီသီးနှင့်ပဲအမျိုးမျိုးကို အစားထိုးစားသောက်ပါက ကိုယ်အလေးချိန်လျှော့ချရာတွင် အထောက်အကူပြုပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစာချေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှုပုံစံကို ဖန်တီးပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## သွေးကင်ဆာရောဂါကို စစ်ဆေးဖော်ထုတ်နိုင်သည့် သွေးစစ်နည်းတစ်မျိုး သုတေသနပညာရှင်များ ဖန်တီး

နယူးယောက် ဇူလိုင် ၁

သွေးကင်ဆာရောဂါ (Leukaemja) နှင့် အခြားသွေးရောဂါများကို စောစောစီးစီး ဖော်ထုတ်ပေးနိုင်မည့် သွေးစစ်နည်းတစ်မျိုးကို အစ္စရေးနှင့်အမေရိကန်သုတေသနပညာရှင်များက ဖန်တီးထားကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ သွေးစစ်နည်းသည် အသက်အရွယ်နှင့် ဆက်စပ်နေသည့်သွေးရောဂါတစ်မျိုးဖြစ်သော Myelodysplastic Syndrome (MDS) ခေါ် သွေးရောဂါကို ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

သွေးကို ဖွဲ့စည်းဖန်တီးပေးသည့် ပင်မဆဲလ်များ မှန်မှန်ကန်ကန် ကြီးထွားနိုင်မှု မရှိတော့သည့် အချိန်တွင် ဖြစ်ပွားတတ်သော MDS ရောဂါကြောင့် Myeloid Leukaemia (AMI) ခေါ် သွေးကင်ဆာရောဂါတစ်မျိုးဖြစ်ပွားနိုင်ခြေမြင့်တက်လာနိုင်သည်။

သွေးကို ဖွဲ့စည်းဖန်တီးပေးသည့် ပင်မဆဲလ်များသည် ရိုးတွင်းခြင်ဆီအတွင်းမှ လွတ်ထွက်၍ သွေးလည်ပတ်မှု စနစ်အတွင်း ရောက်လာတတ်ရာ ၎င်းပင်မဆဲလ်များအတွင်း MDS ရောဂါနှင့် ပတ်သက်သည့် မျိုးဗီဇအချက်အလက်များ ပါဝင်နေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သာမန်အားဖြင့် MDS ရောဂါကို စစ်ဆေးရာတွင် ခါးဆစ်ရိုးကို ဖောက်၍ ရိုးတွင်းခြင်ဆီကို ထုတ်ယူစစ်ဆေးရန် လိုအပ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## လန်းစ်အသင်း ခံစစ်ကစားသမား မီဒီနာကို ယူရို ၂၂ သန်းဖြင့် မာဆေးအသင်းခေါ်ယူ

**ပဲရစ် ဇူလိုင် ၁**

မာဆေးအသင်းသည် ခံစစ်ပိုင်း လိုအပ်ချက်အတွက် လန်းစ် အသင်း ဘယ်တောင်ပံခံစစ်ကစား သမား မီဒီနာကို ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ကလပ်အသင်း နှစ်ခုကြား သဘောတူညီမှုတွင် အသက် ၂၆ နှစ်ရှိ မီဒီနာအတွက် မာဆေး အသင်းက ကစားသမားကို အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ ကြေး ယူရို ၂၂ သန်း ပေးချေရမည် ဖြစ်ပြီး ကစားသမားအနေဖြင့် ဆေးစစ်မှု အောင်မြင်ပါက အသင်း နှင့် ငါးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ် ကြောင်း သိရသည်။

မာဆေးအသင်းသည် ပြီးခဲ့ သည့်ဘောလုံးရာသီက အမှတ် ပေး ပြိုင်ပွဲတွင် အဆင့်(၂) နေရာ ဖြင့် အဆုံးသတ်ခဲ့သဖြင့် လာမည့် နှစ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစား ရမည်ဖြစ်၍ ခံစစ်ပိုင်းလိုအပ်ချက် ကို ထပ်မံဖြည့်တင်းနိုင်ရန်အတွက် မီဒီနာကို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး နွေရာသီအပြောင်းအရွှေ့ စတင် ချိန်ကလည်း လူငယ်ခံစစ်ကစား သမား အီဂန်ရှိုင်လေကိုလည်း အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူ နိုင်ခဲ့သည်။

မီဒီနာသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က အာဂျင်တီးနား ကလပ် တယ်လာရက်စ်အသင်းမှ လန်းစ် အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၃ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ ရောက်ရှိခဲ့ပြီးနောက် လန်းစ် အသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့ သဖြင့် အဓိက ကစားသမား အဖြစ် ပါဝင်ခဲ့ရကာ ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းအတွက် ပြိုင်ပွဲစုံ ၃၁ ပွဲ ပါဝင်ခဲ့ရာတွင် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင် ခဲ့ကြောင်း သိရသည်။

**Ref : Getfootball news**

**Trs : ML**



### အားကစားသတင်းအတိုအထွာများ

- ❑ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်တွင် လူငယ်ကစား သမား မူစီအာလာအနေဖြင့် ကျောနံပါတ် ၁၀ ကို ပြောင်းလဲ ဝတ်ဆင်သွားမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက အတည်ပြုပြောကြားခဲ့သည်။
- ❑ ဂျူဗင်တပ်အသင်းက ဖီအိုရင်တီးနားအသင်း တိုက်စစ်မှူး ဂွန်ဇာလက်ဇ်ကို ပြောင်းရွှေ့ကြေးယူရို ၂၈ သန်းဖြင့် ခေါ်ယူ ခဲ့ပြီး လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ❑ လေဗာကူဆင်အသင်း ဗဟိုခံစစ်ကစားသမား အိုဒီလွန်ကို စီးရီးအေကလပ် အတ္တလန်တာအသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ဖြင့် ခေါ်ယူခဲ့သည်။
- ❑ အာဆင်နယ်အသင်းက ချဲလ်ဆီးအသင်းမှ ဂိုးသမားကီပါကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ငါးသန်းဖြင့် အပြီးသတ် ခေါ်ယူခဲ့ပြီးနောက် ကစားသမားအနေဖြင့် အသင်းတွင် ကျောနံပါတ် ၁၃ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း ထုတ်ပြန် ခဲ့သည်။

**ML**

## Dow Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆိုမီလီနှင့် ဂျင်ဟီအင်မ်တို့အတွဲ ဆွတ်ခူး



**မီချီဂန် ဇူလိုင် ၁**

အမေရိကန်နိုင်ငံ မီချီဂန် ပြည်နယ်တွင်ကျင်းပခဲ့သည့် Dow Championship ဂေါက်သီးရိုက် ပြိုင်ပွဲတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်များ ဖြစ်ကြ သည့် ဆိုမီလီနှင့် ဂျင်ဟီအင်မ်တို့ အတွဲက ချန်ပီယံဆုအား ဆွတ်ခူးခဲ့ ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆိုမီလီနှင့် ဂျင်ဟီအင်မ်တို့ အတွဲသည် နောက်ဆုံးနေ့အပြီး တွင် စုစုပေါင်းသတ်မှတ်ရိုက်ချက် ထက် အချက် ၂၀ လျော့ရိုက်ကာ အမေရိကန် ဂေါက်သီးရိုက်မယ် များဖြစ်ကြသည့် တွမ်ဆင်နှင့် မီဂန်ခန်တို့ အတွဲနှင့်အတူ အမှတ် ပေးဇယားအား ပူးတွဲဦးဆောင် နိုင်ခဲ့သည်။

ချန်ပီယံအဆုံးအဖြတ်အတွက် Play-off ကစားခဲ့ကြရာဆိုမီလီနှင့် ဂျင်ဟီအင်မ်တို့အတွဲက အနိုင်ရခဲ့ ပြီးချန်ပီယံဆုအားဆွတ်ခူးခဲ့သည်။

ဆိုမီလီအတွက် ခြောက်နှစ် တာကာလအတွင်း ပထမဆုံး ချန်ပီယံဆုအား ပြန်လည်ဆွတ်ခူး နိုင်ခဲ့ခြင်းဖြစ်သည်။

တွမ်ဆင်နှင့် မီဂန်ခန်တို့သည် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ရေပန်းစားနေခဲ့သော်လည်း ထင် မှတ်မထားသည့် အမှားတချို့ ကြောင့် ဆိုမီလီနှင့် ဂျင်ဟီအင်မ် တို့က ချန်ပီယံဆုအားဆွတ်ခူး ခဲ့သည်။

ဆိုမီလီက “ကမ္ဘာ့အဆင့် ကစားသမားနှစ်ယောက်အတွဲကို အနိုင်ရပြီး အခုလိုချန်ပီယံဖြစ်ခဲ့ တာ ဝမ်းသာမိပါတယ်။ လုံးဝကို မျှော်လင့်မထားတဲ့ အောင်မြင်မှု ဖြစ်ပါတယ်။ ကျွန်မတို့နှစ်ယောက် စလုံး အရမ်းကိုပျော်ရွှင်နေကြ ပါတယ်။ ကျွန်မအတွက်တော့ ခြောက်နှစ်တာ ကာလအတွင်း ပထမဆုံး ပြန်လည်ဆွတ်ခူးနိုင်ခဲ့ တဲ့ ဆုဖလားဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

## ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲပထမအဆင့်တွင် အယ်ကာရက်ဇ်က ဖော့နီနီကိုအနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၁**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ် တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစား သမား အယ်ကာရက်ဇ်နှင့် အီတလီ တင်းနစ်ကစားသမား ဖော့နီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာ ရက်ဇ်က (၇-၅၊ ၆-၇၊ ၇-၅၊ ၂-၆၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ဝင်ဘယ် ဒန်တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု အား နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူး ထားသူဖြစ်ပြီး တတိယမြောက် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ပစ်မှတ် ထားနေကြောင်းလည်း သိရသည်။

ပထမအဆင့်ဖြစ်သော်လည်း တင်းနစ်လောက၏ ကြီးကျယ် အခမ်းနားဆုံးသော ပြိုင်ပွဲတစ်ရပ် ဖြစ်သည့်အတွက်ကြောင့် အကြိတ် အနယ် ယှဉ်ပြိုင်ကစားခဲ့ရပြီး အယ်ကာရက်ဇ်အနေဖြင့် ဖိအား များအောက်မှ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖော့နီနီအနေဖြင့် အသက် ၃၈ နှစ်အရွယ်ရှိနေပြီဖြစ်သော်လည်း အသက် ၂၂ နှစ်အရွယ် အယ်ကာ ရက်ဇ်ကို အကောင်းဆုံးဖိအားပေး နိုင်ခဲ့သည်။

အယ်ကာရက်ဇ်က “သတင်း တွေမှာ အသံထွက်နေတာက ဖော့နီနီဟာ ဒီနှစ်ဝင်ဘယ်ဒန်ကို ကစားသမားဘဝရဲ့ နောက်ဆုံး ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲဖြစ် တယ်ဆိုပြီး ဖော်ပြနေကြတယ်။ ဒါပေမဲ့လဲ ကျွန်တော်နဲ့ ကစားခဲ့တဲ့ ပွဲစဉ်မှာ သူရဲ့စွမ်းဆောင်ရည်ဟာ နောက်ထပ်သုံးနှစ် ဒါမှမဟုတ် လေးနှစ်လောက်ထိ အကောင်းဆုံး ကစားနိုင်သေးတဲ့အနေအထားမျိုး ဖြစ်ပါတယ်။ သူ့အတွက် နောက်ဆုံးဝင်ဘယ်ဒန်လို့ပြောနေ တာတော့ ကျွန်တော်ဝမ်းနည်းမိ ပါတယ်။ သူ့လိုကစားသမား တစ်ယောက်ကို အနိုင်ရခဲ့တဲ့ အတွက်တော့ ဝမ်းသာပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

## မန်ယူအသင်းက ဟိုက်လန်း၏နေရာတွင် အစားထိုးရန် အိုလီဝက်ကင်းကို ခေါ်ယူရန်ပြင်ဆင်

**မန်ချက်စတာ ဇူလိုင် ၁**

မန်ယူအသင်းသည် အသင်း တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြသ နိုင်ရန် ရုန်းကန်နေရသည့် တိုက်စစ်မှူး ဟိုက်လန်းနေရာတွင် အစားထိုးရန်အတွက် အေဗီလာ အသင်း တိုက်စစ်ကစားသမား အိုလီဝက်ကင်းနှင့် အစားထိုးရန် ပြင်ဆင်လျက်ရှိသည်။

ဟိုက်လန်းသည် ၂၀၂၂ ခုနှစ် က အတ္တလန်တာအသင်းမှ မန်ယူ အသင်းသို့စတာလင်ပေါင် ၇၂ သန်း ဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ပြီးခဲ့ သည့်ဘောလုံးရာသီက ပရီး မီးယားလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲစုံ သွင်းဂိုး လေးဂိုးသာ သွင်းယူနိုင်ခဲ့ ကာ ပုံစံကောင်းရရှိရန် ရုန်းကန် နေရသဖြင့် လက်ရှိအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် စီစဉ်နေသောကြောင့် မန်ယူ အသင်း တာဝန်ရှိသူများက အေဗီလာအသင်းတွင် ခြေစွမ်းပြ ကစားနေသည့် အိုလီဝက်ကင်းနှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ တိုက်စစ်မှူး အိုလီဝက်ကင်းသည် အေဗီလာ အသင်းနှင့် လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသူဖြစ် ပြီး နည်းပြအမ်မရီလက်ထက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၈၄ ပွဲ ကစားခဲ့ရာတွင် သွင်းဂိုး ၇၅ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ပြီးခဲ့ သည့် ဘောလုံးရာသီကလည်း အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ၎င်းကို ခေါ်ယူရန် အေဗီလာအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက် ရှိသည်။



လက်ရှိတွင် အေဗီလာအသင်း က စိတ်ဝင်စားနေသည့် တိုက်စစ် မှူး ရက်ရှ်ဖို့ဒ်ကို အလိုက်ပေး ကမ်းလှမ်းရန် စီစဉ်ထားကာ ရက်ရှ်ဖို့ဒ်သည် အေဗီလာအသင်း တွင် ခြောက်လအငှားစာချုပ် ဖြင့် ကစားခဲ့စဉ်က အပြီးသတ် ဝယ်ယူခွင့် စတာလင်ပေါင် သန်း ၄၀ ဖြင့်ခေါ်ယူရန် သဘော တူညီမှုပါရှိခဲ့သဖြင့် မန်ယူအသင်း က အိုလီဝက်ကင်းကို ခေါ်ယူ နိုင်ရန် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : Daily mail**

**Trs : ML**

# ဟံသာဝတီယူနိုက်တက်အသင်းမှ လာဘ်ဝေဘုန်းအား ရန်ကုန်ယူနိုက်တက်အသင်းက နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ




ရန်ကုန် ဇူလိုင် ၁

ရန်ကုန်ယူနိုက်တက် အသင်းသည် ပြည်တွင်းကစားသမား ထပ်မံအားဖြည့်မှုအဖြစ် ဟံသာဝတီယူနိုက်တက် အသင်းမှ နောက်ခံလူ လာဘ်ဝေဘုန်းအား နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

လာဘ်ဝေဘုန်းသည် ရန်ကုန်ယူနိုက်တက်မှ ဖွင့်လှစ်သည့် နွေရာသီ ဘောလုံးသင်တန်းကို ၂၀၁၈ ခုနှစ်တွင် စတင်တက်ရောက်ခဲ့ပြီးနောက် ဘောလုံးသမားဘဝကို စတင်ခဲ့ခြင်းဖြစ်သည်။

လာဘ်ဝေဘုန်းက "ကျွန်တော်အသင်းမရှိတဲ့အချိန်မှာ ကျွန်တော့်ကို ကမ်းလှမ်းလာတဲ့အသင်းတွေရှိပါတယ်။ အဲ့ထဲမှာ ကျွန်တော် အလာချင်ဆုံးနဲ့ အရောက်ချင်ဆုံး ရန်ကုန်အသင်းလဲ ပါလာခဲ့ပါတယ်။ အဲ့ဒီအတွက် အများကြီးဝမ်းသာပါတယ်။ အခုလိုမျိုး တကယ်ရောက်လာဖြစ်တဲ့အတွက်လဲ အရမ်းကိုဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့သည်။

၎င်းသည် အကယ်ဒမီကျောင်းပေါင်းစုံပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အကယ်ဒမီ ယူ-၁၄ အသင်းနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာ့လက်ရွေးစင် ယူ-၁၅ အသင်းတွင် ရွေးချယ်ခြင်းခံခဲ့ရပြီး ထို့နောက် သက်တမ်းအလိုက် ယူ-၁၆၊ ယူ-၁၉၊ ယူ-၂၂ အသင်းနှင့်အတူ SEA Games လက်ရွေးစင်အဖြစ် ပါဝင်ခဲ့ပြီးနောက် မြန်မာ့လက်ရွေးစင်အသင်းကြီးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

လာဘ်ဝေဘုန်းသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ရှမ်းယူနိုက်တက် အသင်းနှင့်အတူ ၂၀၂၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ် ချန်ပီယံဆုကို ၂၀၂၂ ခုနှစ်တွင် ရရှိခဲ့ပြီးနောက် ဧရာဝတီယူနိုက်တက်အသင်းတွင် ၂၀၂၃ ခုနှစ် ဒုတိယအကျော့၌ အငှားသွားရောက် ကစားခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဟံသာဝတီယူနိုက်တက်အသင်းသို့ ထပ်မံအငှားသွားရောက်ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ရန်ကုန်ယူနိုက်တက် အသင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# TSS ၏ ဇွန်လအတွက် တစ်လတာအကောင်းဆုံး လက်ဝှေ့သမားအဖြစ် ရိုဒရီကွက်ဇ် ရွေးချယ်ခံရ

လန်ဒန် ဇူလိုင် ၁

ဗြိတိန်အခြေစိုက် နာမည်ကြီး လက်ဝှေ့သတင်းဌာန ဖြစ်သည့် The Sweet Science က ဇွန်လအတွက် တစ်လတာအကောင်းဆုံး လက်ဝှေ့သမားဆုအား ရွေးချယ်ခဲ့ရာ မက္ကဆီကိုလက်ဝှေ့သမား ရိုဒရီကွက်ဇ်က ရွေးချယ်ခံခဲ့ရကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရိုဒရီကွက်ဇ်သည် ဇွန် ၂၁ ရက်တွင် WBC ဖလိုင်းဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အင်္ဂလန်လက်ဝှေ့သမား ယာဖိုင်နှင့် အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့၌ ထိုးသတ်ခဲ့ရာ ရိုဒရီကွက်ဇ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့သော်လည်း ရမှတ်များ ပြတ်သားခဲ့ပြီး ရိုဒရီကွက်ဇ်အနေဖြင့် အကောင်းဆုံးစွမ်းဆောင်ပြနိုင်ခဲ့သည်။

ယာဖိုင်သည် မျိုးရိုးစဉ်ဆက် လက်ဝှေ့သမား မျိုးရိုးဖြစ်သလို ၎င်းအပါအဝင် ညီအစ်ကိုသုံးဦးရှိကာ သုံးဦးစလုံးက အင်္ဂလန်ဂုဏ်ဆောင် လက်ဝှေ့သမားများအဖြစ် ကျော်ကြားသူများဖြစ်ကြသည်။

TSS မှ ပြောရေးဆိုခွင့်ရှိသူ သတင်းထောက် တစ်ဦးဖြစ်သော ပါကင်ဆန်က "ရိုဒရီကွက်ဇ်ဟာ စွမ်းဆောင်ရည်မြင့်မားတဲ့ လက်ဝှေ့သမားတစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ထိုးသတ်ဟန်တွေကလဲ နည်းစနစ်ကောင်းကောင်းနဲ့ အတင်းဝင်အတင်းထွက်စနစ်နဲ့ ထိုးသတ်သွားတာပါ။ ပြိုင်ဘက်လက်ဝှေ့သမားတွေအတွက် အရမ်းကို အခက်တွေ့စေမဲ့ ထိုးသတ်ဟန်ဖြစ်ပါတယ်။ ယာဖိုင်အတွက်လဲ သူယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ပြိုင်ဘက်တွေထဲမှာသူ့အတွက် အခက်ခဲဆုံးပြိုင်ဘက်က ရိုဒရီကွက်ဇ်ဖြစ်လိမ့်မယ်လို့လဲ ကျွန်တော် သုံးသပ်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : TSS**

**Trs : AZL**




# ယူအီးအက်ဖ်အေက ပဲလေ့စ်အသင်းအား ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့် ပြု၊ မပြု ဆုံးဖြတ်ချက်ချမှတ်မည့်ရက်ကို ထပ်မံရွှေ့ဆိုင်း

လန်ဒန် ဇူလိုင် ၁

ယူအီးအက်ဖ်အေက ပဲလေ့စ် အသင်းအား ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ပြု၊မပြု ဆုံးဖြတ်ချက်ချမှတ်မည့်ရက်ကို ထပ်မံရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

ပဲလေ့စ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့သည့်အတွက် လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ရောက်ကစားခွင့် ရရှိထားသော်လည်း လိုင်ယွန်အသင်းနှင့် ပိုင်ရှင်တူအသင်း ဖြစ်နေသည့်အတွက် ယူအီးအက်ဖ်အေ၏ ကလပ်အသင်းပိုင်ရှင်တူ စည်းမျဉ်းကြောင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

လက်ရှိ ပဲလေ့စ်အသင်း ရှယ်ယာအများစုကို ပိုင်ဆိုင်ထားသည့် ဂျွန်တက်တာသည် လိုင်ယွန်အသင်းကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် ကလပ်အသင်းပိုင်ရှင်တူအသင်းများ ဖြစ်နေသောကြောင့် ပဲလေ့စ်အသင်းအနေဖြင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရသော်လည်း ဂျွန်တက်တာက ပဲလေ့စ်အသင်း ယူရိုပါလိဂ်ကစားခွင့် ရရှိရန်အတွက် ၎င်း၏ အသင်းရှယ်ယာများကို New York Jet Group ထံ ရောင်းချခဲ့သည်ဟု သတင်းထုတ်ပြန်ထားသော်လည်း ယူအီးအက်ဖ်အေက ပဲလေ့စ်အသင်းကို ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ခွင့် ပြု၊ မပြု ကို အသေးစိတ်စစ်ဆေးပြီး ဆုံးဖြတ်ချက် ချမှတ်သွားမည်ဖြစ်သည်။

ပဲလေ့စ်အသင်းက အသင်းပိုင်ရှင် ဂျွန်တက်တာက အသင်းရှယ်ယာများကို ပြန်လည်ရောင်းချခဲ့သည်ဟုအတည်ပြုခဲ့ပြီးနောက် ပြိုင်ပွဲဝင်ခွင့်ရရှိရန်အတွက် ယူအီးအက်ဖ်အေထံ အယူခံတင်သွင်းထားခြင်းဖြစ်သည်။

အစောပိုင်းက ပဲလေ့စ်အသင်းအား ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့် ပြု၊ မပြုကို အစောပိုင်းက ဇွန် ၂၇ ရက်တွင် ဆုံးဖြတ်ချက်ချမှတ်ရန် စီစဉ်ထားသော်လည်း ဆုံးဖြတ်ချက်ချမှတ်မည့်ရက်ကို ဇွန် ၃၀ ရက်သို့ ရွှေ့ဆိုင်းခဲ့ပြီး ယခုအခါဆုံးဖြတ်ချက်ချမှတ်မည့်ရက်အား ထပ်မံရွှေ့ဆိုင်းကြောင်း အတည်ပြုခဲ့သော်လည်း မည့်သည့်နေ့တွင် ချမှတ်မည်ကို မထုတ်ပြန်ထားသေးကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှ အယ်ဟိုင်လာကို ရှုံးနိမ့်၍ မန်စီးတီးအသင်း ထွက်ခွာခဲ့ရ

ဝါရှင်တန် ဇူလိုင် ၁

ဖီဖာကလပ် ကမ္ဘာ့ဖလား ရှုံးထွက်ပွဲစဉ်တွင် မန်စီးတီးအသင်းက ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းနှင့် ကစားခဲ့ရသော်လည်း အချိန်ပိုသွင်းဂိုး လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

မန်စီးတီးအသင်းသည် အုပ်စုပွဲစဉ်များတွင် ခံစစ်၊ တိုက်စစ် အကောင်းဆုံးပုံစံ ရရှိခဲ့သော်လည်း ယခုရှုံးထွက်အဆင့်တွင် ခံစစ်ပိုင်း အားနည်းချက်များ ရှိခဲ့သောကြောင့် ရှုံးပွဲကြုံခဲ့ရပြီး အသင်းတိုက်စစ်ပိုင်းအနေဖြင့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ လေးပွဲစလုံးတွင် ပွဲအစ ၁၀ မိနစ်အတွင်း ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက အယ်ဟိုင်လာအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာရရှိခဲ့သဖြင့် ပွဲအစ ကိုးမိနစ်တွင် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း တန်ပြန်တိုက်စစ်ကောင်းမွန်သည့် အယ်ဟိုင်လာ အသင်းကြောင့် ပွဲချိန် ၄၂ မိနစ်တွင် ချေပဂိုးပေးခဲ့ရသည့်အပြင် ဒုတိယပိုင်းပွဲအစ ၅၂ မိနစ်တွင်လည်း အယ်ဟိုင်လာအသင်းကို ဦးဆောင်ဂိုး ထပ်မံပေးခဲ့ရသဖြင့် တိုက်စစ်မြှင့်တင်ကစားခဲ့ရာ ပွဲချိန် ၅၅ မိနစ်တွင် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် မန်စီးတီးအသင်းက ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှု ပိုလုပ်နိုင်သော်လည်း ဂိုးသမားဘိုနို လက်စွမ်းပြမှုကြောင့် ဂိုးမရခဲ့ဘဲ ပွဲချိန် ၉၄ မိနစ်တွင် အယ်ဟိုင်လာအသင်းက ဦးဆောင်ဂိုးရခဲ့ပြီးနောက် ခံစစ်အားပြုလာခဲ့သဖြင့် မန်စီးတီးအသင်းက ပိုမိုဖိအားပေးခဲ့ရာ ပွဲချိန် ၁၀၄မိနစ်တွင် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၁၁၂ မိနစ်တွင် အယ်ဟိုင်လာအသင်းက အနိုင်ဂိုး ပြန်လည်သွင်းယူခဲ့ပြီး မန်စီးတီးအသင်း လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။**Ref : Fotmob**

**Trs : ML**

# နေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့နိုင်ပွဲရရှိ

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၁) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၁) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၇ မိနစ်နှင့် မိနစ် ၄၀ တို့တွင် အောင်ဇော်ဦးက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်းလေ့ကျင့်ရေးကွင်းတွင် မဟာယူနိုက်တက် အသင်းနှင့် Falcon အသင်းတို့ ကစားခဲ့ရာ Falcon အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Falcon အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်တွင် မျိုးခန့်ကျော်၊ ပွဲချိန် ၈၄ မိနစ်တွင် ညီညီသန့်တို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။



STA

# သမိုင်းစဉ်ဆက် တိုင်းပြည်အတွက် တိုးတက်အောင်ပြု အမျိုးသမီးထု

**"မြန်မာအမျိုးသမီးများနေ့"**သည် မြန်မာအမျိုးသမီးများကိုကိုယ်စားပြု၍ တိုင်းပြည်အကျိုးကို ထူးချွန်ထက်မြက်စွာဆောင်ရွက်ခဲ့ကြသည့် စွမ်းဆောင်ရှင်အမျိုးသမီးများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုသောနေ့ထူးနေ့မြတ်ပင်ဖြစ်ပါသည်။

နှစ်စဉ် ဇူလိုင် ၃ ရက်တွင် "မြန်မာအမျိုးသမီးများနေ့"အခမ်းအနားကိုကျင်းပပြီး မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားပေးဖော်ဆောင်ဂုဏ်ပြုခဲ့ကြခြင်းပင်ဖြစ်ပါသည်။ ၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင်ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံ၏ ကြေညာစာတမ်းတွင် လုပ်ငန်းနယ်ပယ်အသီးသီးက အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတိုင်းတွင် အမျိုးသမီးကော်မတီများဖွဲ့စည်းရန်ဆိုသောအချက်ပါဝင်ပေသည်။

မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးများကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများအရေးကို အဓိကထားဆောင်ရွက်ပေးလျက်ရှိသည်။ လေးစားဖွယ်ရာစွမ်းဆောင်ရည်ရှိသော မြန်မာအမျိုးသမီးများကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ ခုနှစ်ကစပြီး ဇူလိုင် ၃ ရက်တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးအသင်းအဖွဲ့များအနေဖြင့် ၁၉၁၉ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မြန်မာကုမ္ဘာရီအသင်းဟူ၍ဖွဲ့စည်းခဲ့ပြီး ၁၉၃၉ ခုနှစ်တွင်လည်း မြန်မာပြည်လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ယခုခေတ်တွင် အမျိုးသမီးများနှင့်ပတ်သက်သော အသင်းအဖွဲ့များစွာပေါ်ပေါက်နေပြီဖြစ်ရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးဆရာဝန်များအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအသင်း စသည့်အသင်းအဖွဲ့များစွာ ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါသည်။

မြန်မာအမျိုးသမီးများ၏စွမ်းဆောင်ရည်မြင့်မားမှုကို လုပ်ဆောင်နိုင်ရန်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၈ ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့ကြီးကို မြန်မာအမျိုးသမီးများအနေဖြင့် ကမ္ဘာ့အမျိုးသမီးများနှင့် ရင်ပေါင်တန်းနိုင်ရေးနှင့် အမျိုးသမီးထု၏ စွမ်းအားစုကို နိုင်ငံတော်တည်ဆောက်ရေးတွင် အပြည့်အဝအသုံးချနိုင်ရေးအတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များမှာ-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

(ခ) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

> **❖အနာဂတ်မျိုးဆက်သစ် မြန်မာအမျိုးသမီးများသည်လည်း နိုင်ငံတော်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အင်အားတစ်ရပ်အဖြစ် ကြိုးစားပါဝင်သင့်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ထုတ်ပြန်စာရင်းတွင် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ ၅၁ သန်း ကျော်ရှိသည့်အနက် နိုင်ငံလူဦးရေ၏ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည်။ ❖**

(ဂ) အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်များဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

(ဃ) တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်။

(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်။

(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် တို့ဖြစ်ပါသည်။

စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများကို အမျိုးကိုစောင့်သိသော ဝံသာနုအမျိုးသမီးများအဖြစ်လည်းကောင်း၊ လောကီလောကုတ္တရာ စာပေပညာများတတ်ကျွမ်းသော ပညာရှင်များအဖြစ်လည်းကောင်း၊ သတ္တိနှင့် စွန့်လွှတ်စွန့်စားမှုတွင် မော်ကွန်းတင်ထိုက်သော အာဇာနည်များအဖြစ်လည်းကောင်း၊ အမျိုးဘာသာသာသနာကို ထွန်းလင်းတောက်ပအောင် မြှင့်တင်နိုင်သူများအဖြစ်လည်းကောင်း သမိုင်းတွင် အထင်အရှား တွေ့နိုင်ပါသည်။

တစ်ခေတ်တစ်ခါက နိုင်ငံကို အကျိုးပြုခဲ့ကြသည့် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များလည်း အမြောက်အမြားပေါ်ထွက်လာခဲ့ရာ အမျိုးသားရေး၊ ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စာပေအနုပညာ စသည့်ကဏ္ဍအသီးသီးတွင် မြန်မာအမျိုးသမီးများပါဝင်ခဲ့သည်ကိုလည်း တွေ့ရသည်။

ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်မှုများ၊ စွမ်းပကားများသည် ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ်သမိုင်းမှတ်တမ်း သာဓကများ ရှိခဲ့ပါသည်။

လူမှုဝန်ထမ်းလုပ်ငန်းကို ပထမဦးဆုံးစတင်ခဲ့သူ ဒေါ်ဦးဗွန်း၊ ပထမဆုံးမြန်မာအမျိုးသမီး မင်းတိုင်ပင်အမတ် ဒေါ်နှင်းမြ၊ မြန်မာအမျိုးသမီးများတွင် ဆေးပညာဘွဲ့ကို ပထမဆုံးဆွတ်ခူးရရှိခဲ့သူ ဒေါက်တာစောဆ၊ မြန်မာနိုင်ငံသားအမျိုးသမီးများထဲမှ ပထမဦးဆုံးအမ်အေ(သုတေသနအထူးပြု)ဘွဲ့ ရရှိခဲ့သော သမိုင်းပညာရှင် ဒေါ်မြစိန်၊ မြန်မာနိုင်ငံနှင့် မြန်မာ့တပ်မတော်တွင် တစ်ဦးတည်းသောအမျိုးသမီးသူရဘွဲ့ရရှိသူ သူရမချစ်ပို၊ ပထမဆုံးမြန်မာ့ကာတွန်းဆရာမ ဒေါ်သိန်းရှင်၊ ပထမဆုံးရုပ်ရှင်ထူးချွန်ဆုရအမျိုးသမီး ဒေါ်ကြည်ကြည်ဌေး အစရှိသည့် ထူးချွန်ထက်မြက်သည့်အမျိုးသမီးများ ပေါ်ထွန်းခဲ့ပါသည်။

စာပေပညာမှာလည်း မမြလေး၊ လှိုင်ထိပ်ခေါင်တင်၊ ခေတုကလျာ၊ မယ်ခွေစသည့် မြန်မာအမျိုးသမီးများသည် သမိုင်းတွင်ထင်ရှားသောစာဆိုများဖြစ်ကြသကဲ့သို့ ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားစေရန် စွမ်းဆောင်နိုင်ခဲ့ကြပါသည်။ ထို့ကြောင့် သမိုင်းအဆက်ဆက် မြန်မာအမျိုးသမီးများသည် စွမ်းဆောင်ရည်မြင့်မားကြပြီး လွတ်လပ်ရေးရရှိရန် တိုက်ပွဲဝင်ရာတွင်လည်း အမျိုးသားများနှင့်တန်းတူ ပါဝင်ခဲ့ကြပါသည်။

ထို့ကြောင့် အနာဂတ်မျိုးဆက်သစ် မြန်မာအမျိုးသမီးများသည်လည်း နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အင်အားတစ်ရပ်အဖြစ် ကြိုးစားပါဝင်သင့်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ထုတ်ပြန်စာရင်းတွင် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ ၅၁ သန်းကျော်ရှိသည့်အနက် နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည်။ မြန်မာအမျိုးသမီးထုကြီး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် အင်အားစုကြီးဖြစ်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှု၏ အသက်ဟုဆိုနိုင်သော ဟီရိဩတ္တပ္ပဟူသော အရှက်အကြောက်တရားများ (မကောင်းမှုကိုပြုလုပ်ရန်ရှက်ခြင်း၊ ကြောက်ခြင်း) ကို အခြေခံကျင့်သုံးကာ တိုးတက်လာသောနည်းပညာစနစ်များနှင့်ပေါင်းစပ်လျက် ခေတ်နှင့်အညီ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရှင်များအဖြစ် စံပြုဂုဏ်ယူဝင့်ကြွားနိုင်သူများဖြစ်အောင် ဆက်လက်ကြိုးစားကြရမည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း အမျိုးသမီးများ စွမ်းဆောင်မှုကို အလေးအနက်ပြုလာကြပြီး အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိရန် အဆိုပြုလာကြသည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အလေးအနက်ပြုသော်လည်း လူသားတစ်ယောက် သို့မဟုတ် အမျိုးသမီးတစ်ဦး၏ ရပိုင်ခွင့်အခွင့်အရေးများကိုမူ ချိုးဖောက်၍မရပေ။ အချို့နိုင်ငံများတွင် အမျိုးသမီးများ ပညာသင်ကြားခွင့်မရရှိခြင်း၊ ကျား၊ မ တန်းတူအခွင့်အရေး မရရှိခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းတို့ကြောင့် အမျိုးသမီးများ၏ အခွင့်အရေးတောင်းဆိုမှုများရှိလာကြပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးအခွင့်အရေးရပိုင်ခွင့်နှင့် အမျိုးသမီးများဘဝလုံခြုံရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့အပြင် ၎င်းအောက်ရှိ အဖွဲ့အစည်းများရှိလာပြီဖြစ်၍ မြန်မာအမျိုးသမီးများဘဝ ပိုမိုလုံခြုံလာပလာပြီဖြစ်ပါသည်။

မြန်မာအမျိုးသမီးများသည် ယဉ်ကျေးသိမ်မွေ့ကြပါသည်။ ဣန္ဒြေသိက္ခာကို တန်ဖိုးထားကာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြပါသည်။ ကြိုးစားအားထုတ်ရင်းဖြင့် လူနေမှုစံနှုန်းများကို မြင့်တက်စေကြရုံမက အမျိုးဘာသာသာသနာကိုစောင့်ရှောက်ခဲ့ကြပါသည်။

"မိန်းမတို့ဣန္ဒြေ ရွှေပေး၍မရ"ဟူသော ဆိုရိုးစကားနှင့်အညီ ဣန္ဒြေသိက္ခာနှင့်အညီ သိမ်မွေ့စွာနေထိုင်ပြီး မိမိကိုယ်ကို တန်ဖိုးရှိအောင်၊ တန်ဖိုးထားခံရအောင် နေထိုင်ခဲ့ကြပါသည်။

"မောင်တစ်ထမ်း မယ်တစ်ရွက်"ဟူသော ဆိုရိုးစကားနှင့်အညီ မြန်မာအမျိုးသမီးများသည် အိမ်ထောင်ရှင်မဖြစ်သော်ငြားလည်း တိုင်းပြည်တာဝန်၊ မိသားစုတာဝန်များကို အမျိုးသားများနှင့် တန်းတူ ရင်ဆိုင်ဖြေရှင်းပေးခဲ့ကြပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ သမိုင်းစဉ်ဆက် ကမ္ဘာလောကကြီးနှင့် တိုင်းပြည်အတွက် တိုးတက်အောင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြပါသော မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို တန်ဖိုးထားလေးစားသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**မောင်လေပြေ(တောင်တွင်း)**

## Mahar Application က မယားကျွန် ဇာတ်လမ်းတွဲကို မူပိုင်ဇာတ်လမ်းအဖြစ် HD Quality ဖြင့် ဇူလိုင်လပထမပတ်တွင် ထုတ်လွှင့်ပေးသွားမည်




ရန်ကုန် ဇူလိုင် ၁

Mahar Application က မယားကျွန် ဇာတ်လမ်းတွဲကို မူပိုင်ဇာတ်လမ်းအဖြစ် HD Quality ဖြင့် ဇူလိုင်လပထမပတ်တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ မယားကျွန် ဇာတ်လမ်းတွဲတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခြူးလေးထံမှ သိရသည်။

အဆိုပါ မယားကျွန် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ကျူးလစ်မေက ရေးဖွဲ့ထားခြင်းဖြစ်ပြီး ဇာဏ်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ရာဇဝင်ကိုက တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် Mahar Application နှင့် Lavender film production တို့ ပူးတွဲ ရိုက်ကူးထုတ်လုပ်ထားသည့် ဇာတ်လမ်းတွဲ ဖြစ်ကြောင်း သိရသည်။

"ဇာတ်လမ်းတွဲကတော့ အိမ်ထောင်ရေးပညာပေး ဟဲဗီးဒရာမာ ဇာတ်ကားပါ။ လောင်နေရမယ် ဆိုတာထက် ဘယ်လိုအမှားတွေကြောင့် ဒီလို ပူလောင်မှုတွေကို ရင်ဆိုင်ရမယ်ဆိုတဲ့ မက်ဆေ့ကို အဓိကပေးချင်တာပါ"ဟု ခြူးလေးက ပြောပြသည်။

အဆိုပါ မယားကျွန် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ အုပ်စိုးခန့်၊ ဝီလျံမင်းမြတ်၊ ထူးနိုင်လင်း၊ စိုးမြတ်သူဇာ၊ လင်းဇာနည်ဇော်၊ ခြူးလေး၊ သံသာညီ၊ ခြူးစစ်ဟန်၊ ချိုမဒီသွင်၊ သူဇာပွင့်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

## The Batman Part II အတွက် ဝတ္ထုဇာတ်ညွှန်းကို မက်ရီးဗက်နှင့်မက်ဆန်တွမ်မလင်တို့က အပြီးသတ်ရေးသား

နယူးယောက် ဇူလိုင် ၁

The Batman Part II ဇာတ်ကားအတွက်ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မက်ရီးဗက်နှင့်ဇာတ်ညွှန်းရေးဆရာ မက်ဆန်တွမ်မလင်တို့က အပြီးသတ် ရေးသားထားပြီးဖြစ်ကြောင်း ဇွန် ၃၀ ရက်သတင်းများအရ သိရသည်။

ပထမဆုံး The Batman ဇာတ်ကားထွက်ရှိခဲ့ပြီး သုံးနှစ်ကျော်အကြာတွင် ဒုတိယမြောက် The Batman Part II ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းရေးသားပြီးစီးခဲ့ခြင်းဖြစ်သည်။

The Batman Part II ဟူ၍ အမည်ပေးထားသော ဇာတ်ညွှန်းခေါင်းကို ဒါရိုက်တာ မက်ရီးဗက်က ၎င်း၏လူမှုမီဒီယာစာမျက်နှာတွင် ပြသထားသည်။

The Batman Part II ကို ၂၀၂၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

မူလ The Batman (2022) ကို ဒါရိုက်တာ မက်ရီးဗက်ကပင် တာဝန်ယူ ရိုက်ကူးပေးခဲ့ခြင်းဖြစ်ပြီး မင်းသား ရောဘတ်ပက်တင်ဆန်၊ ကောလင်းဖာရဲ၊ မင်းသမီး ဇိုးကရာဗစ်တို့ ပါဝင်သရုပ်ဆောင်ခဲ့သည့် The Batman ဇာတ်ကားသည် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၇၂ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## တေးသံရှင် ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်၊ ချစ်ကောင်းတို့၏ တေးဂီတဖျော်ဖြေပွဲကို အလုံမြို့နယ်ရှိ Modern Radio - Star Lounge Bar တွင် ပြုလုပ်မည်




ရန်ကုန် ဇူလိုင် ၁

တေးသံရှင် ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်၊ ချစ်ကောင်းတို့၏ 90's ROCK LEGENDS တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Modern Radio – Star Lounge Bar ၌ ဇူလိုင် ၆ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဂျေမောင်မောင်ထံမှ သိရသည်။

အဆိုပါတေးသံရှင်ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်၊ ချစ်ကောင်းတို့၏ 90's ROCK LEGENDS တေးဂီတဖျော်ဖြေပွဲတွင် EMPEROR Music BAND တေးဂီတအဖွဲ့က တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို အကောင်းဆုံး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

" ဇူလိုင် ၆ ရက်မှာ Modern Radio လုပ်မဲ့ 90's ROCK LEGENDS Concert ကိုတော့ ထူးထူးခြားခြားလေး စီစဉ်ထားပါတယ်။ ညီထွဋ်ရဲ့ ပင်တိုင်တေးဂီတအဖွဲ့ဖြစ်တဲ့ EMPEROR BAND နဲ့ ဆိုမှာပါ။ ချစ်ကောင်းနဲ့လဲ ဆုံပြီးတော့ အကောင်းဆုံးဖြစ်မဲ့ ROCK တေးလေးတွေ ရွေးပြီးစီစဉ်ထားပါတယ်"ဟု တေးသံရှင် ဂျေမောင်မောင်က ပြောပြသည်။

အဆိုပါ 90's ROCK LEGENDS တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၆ ရက် ည ၆ နာရီ မိနစ် ၃၀ တွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဂျေမောင်မောင် ပြောပြ၍ သိရသည်။

ASH

## Street Fighter ဇာတ်ကားတွင် ကမ္ဘာကျော် ရက်ပါ 50 Cent ပါဝင်မည်

နယူးယောက် ဇူလိုင် ၁

Legendary ရုပ်ရှင်ကုမ္ပဏီ၏ Street Fighter ဇာတ်ကားတွင် ကမ္ဘာကျော်ရက်ပါ 50 Cent ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၃၀ ရက်သတင်းများအရသိရသည်။

Street Fighter ဇာတ်ကားသည် ၁၉၈၀ ပြည့်နှစ်များအတွင်း ထင်ရှားခဲ့သော Street Fighter ဗီဒီယိုဂိမ်းများကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Street Fighter ဇာတ်ကားတွင် ရက်ပါ 50 Cent သည် မင်းသား ဂျေဆင်မိုမိုအာ၊ နိုအာစင်တီနီယိုတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် ရက်ပါ 50 Cent သည် လက်ဝှေ့သမားဘဲရော့ဇာတ်ကောင်နေရာ၌ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် ရက်ပါ 50 Cent သည် Street Fighter ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် အသတ်အပုတ်များ၊ စတန့်များ အပြင်းအထန် လေ့ကျင့်နေကြောင်း သိရသည်။

Street Fighter ဇာတ်ကားကို ဒါရိုက်တာကီတာအိုဆာကူရိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




## ဇူလိုင် ၄ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် သကြားကိုကို ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်

ရန်ကုန် ဇူလိုင် ၁

Lotus Film Production က ရိုက်ကူးထုတ်လုပ်ပြီး ဇူလိုင် ၄ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် သကြားကိုကို အမည်ရှိ ရုပ်ရှင်ဇာတ်ကား Premiere Show ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေး အဆင့်မြင့် ရုပ်ရှင်ရုံတွင် မေ ၃၀ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ Bobby Soxer က ပြောပြ၍ သိရသည်။

အဆိုပါ သကြားကိုကို အမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဆဲဗင်းဒေးက ရေးသားထားကာ စွမ်းပိုင်က ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က Lotus Film Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

" ဒီသကြားကိုကို ဇာတ်ကားက ပထမဦးဆုံး သရုပ်ဆောင်ခွင့်ရတဲ့ ရုပ်ရှင်ကားဖြစ်လို့ ရင်ခုန်တယ်။ ကိုယ်က ဒီဇာတ်ကားမှာ အငယ်ဆုံးနဲ့ ပထမဆုံး ဖြစ်နေတော့ ကိုဖြိုးငွေစိုး၊ ကိုမြင့်မြတ်နဲ့ ဦးခင်လှိုင်တို့အပြင် တခြားအနုပညာရှင်တွေကလဲ သင်ကြားပံ့ပိုးပေးကြတယ်လေ။ အားလုံးက နွေးနွေးထွေးထွေးရှိတော့ ကိုယ့်အတွက် အလုပ်သစ်တစ်ခု လုပ်နေတယ်လို့ မခံစားရတော့ပါဘူး။ ဟာသဇာတ်ကားလေးမို့ ပရိသတ်တွေ ပျော်ရွှင်ရယ်မောရမှာပါ" ဟု Bobby Soxer က ပြောပြသည်။

သကြားကိုကို အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ဖြိုးငွေစိုး၊ ရဲရင့်အောင်၊ တင်မောင်ဆန်းမင်းဝင်း၊ ခင်လှိုင်၊ ကေညီ၊ စိုးမြတ်သူဇာ၊ Bobby Soxer၊ မျိုးမျိုးခိုင်၊ ရဲလေးမ၊ ညှော့သည်သရုပ်ဆောင် Double J ၊ ရတနာဗိုနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း Bobby Soxer က ဆက်လက်ပြောပြ၍ သိရသည်။

ASH

# Over 1,000 acres of green gram planted in Kyaukmyaung Sub-Township


Green gram grown in a field in Kyaukmyaung Sub-Township.

**Kyaukmyaung July 1**

Statistics of Kyaukmyaung Sub-Township of Shwebo Township in Sagaing Region stated that local farmers planted more than 1,000 acres of green gram in monsoon this year.

During the 2025-2026 monsoon crop season, Kyaukmyaung Sub-Township has planned to cultivate 3,821 acres of green gram. Starting from May this year, cultivation began, and so far, a total of 1,091 acres have already been planted.

"This year, during the monsoon crop season, over 3,000 acres of green gram are planned to be cultivated in Kyaukmyaung Sub-Township. As of today, over 1,000 acres have already been cultivated. We are working to achieve the targeted acreage. There are awareness campaigns encouraging farmers to expand green gram cultivation and to use quality seeds for better yields," said Daw Khin Win, head of the Department of Agriculture in Kyaukmyaung Sub-Township.

This year, the sub-township's Department of Agriculture is providing knowledge and support to green gram farmers in Kyaukmyaung Sub-Township. This includes promoting the use of high-quality and region-appropriate seeds, correct cultivation methods, pest and disease prevention, systematic use of fertilizers, and improving yield.

Furthermore, during this monsoon season, various varieties of beans are being cultivated in cooperation with farmers, with efforts focused on using quality seeds, improving soil nutrients, and introducing post-harvest technologies to ensure high yield and better quality of bean crops. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Labutta Township ships 65,000 visses of cuttlefish to Yangon in May

**Labutta July 1**

A total of 65,000 visses of cuttlefish from Labutta Township, Ayeyawady Region, were transported to the Yangon market in May, said Daw Yi Yi, a fishery market trader in Labutta Township.

Labutta Township shipped 50,000 visses of cuttlefish to the Yangon market in April, and from May 1 to 31, it shipped 65,000 visses of cuttlefish.

The price of one visses of cuttlefish is ranged between 21,000 and 27,000 kyats.

"We are regularly transporting fishery products to the Yangon market from Labutta. There is currently a lot of cuttlefish coming in. Trading is also brisker than before. With the arrival of the open season, we will have to ship more than now. In May, we exported 15,000 visses more cuttlefish in compared with the previous month. The sale volume of the products has been high, which has helped the businessmen related to the fishery industry. The current cuttlefish market is stable," she said. KKL


Photo shows cuttlefish.

# Yekyi Township sells large amount of 90-day rice variety to Yangon in May

**Yekyi July 1**

A large amount of 90-day rice variety was shipped to the Yangon market from Yekyi Township in Ayeyawady Region in May, said Daw Myat Myat Thu, a rice trading center entrepreneur from Yekyi Township.

Yekyi Township transported 55,000 baskets of 90-day rice variety to the Yangon market in April this year, but from May 1 to 31 this year, it shipped 65,000 baskets of 90-day rice variety.

"The Yangon rice and paddy market has been buying a lot of rice since the first week of May. Up to 65,000 baskets of 90-day rice variety was shipped to the Yangon market. The local rice market in Yangon is buying rice from Ayeyawady Region. The Yangon rice and paddy market is currently buying rice. The quality of the rice being shipped is good," she said.

The price of 90-day rice variety being shipped from Yekyi Township to the Yangon market has reached 1.59 million kyats per 100 baskets.

KKL


Paddy being put into bags.

# More than 1,900 acres of croplands placed under vegetables in Shwebo Township

**Shwebo July 1**

According to Shwebo Township Department of Agriculture in Sagaing Region, local farmers have planted more than 1,900 acres of vegetables as monsoon crops in Shwebo Township this year.

In 2025-26 cultivation season, local authorities earmarked cultivation of 3,857 acres of vegetables but farmers planted 1,954 acres of crops against the target cultivation.

For this year's monsoon crop season, Shwebo Township has a target to cultivate over 3,000 acres of vegetables. As of today, more than 1,900 acres have already been cultivated. Efforts are ongoing to meet the targeted acreage. The crops being planted include roselle, chili, aromatic herbs, cauliflower, Chinese cabbage, potatoes, cabbage, eggplant, and ridge gourd.

U Hsan Oo, the Head of the Shwebo Township Agriculture Department, said that farmers are being provided with technical assistance to cultivate all vegetables using the GAP (Good Agricultural Practices) system. They are also being guided to grow these vegetables in a way that minimizes chemical residue and aligns with health and safety standards."

This year, the Shwebo Township Agriculture Department has been conducting technical training for farmers to adopt GAP methods. Additionally, it provides knowledge to ensure that the harvested vegetables are healthy and safe. Support is also being given to encourage farmers to expand their vegetable cultivation.

In Shwebo Township, various vegetables are grown seasonally each year. The cultivated crops have been successful, contributing to family income. The Township Agriculture Department is also offering education to farmers on proper cultivation techniques, pest prevention, and the use of natural fertilizers, organic pesticides, and repellents.

206

# Myinmu Township finishes harvest of summer paddy


Summer paddy being harvested with the help of machinery.

**Myinmu July 1**

According to Sagaing District Agriculture Department of Sagaing Region, local farmers have harvested all sown acreage of summer paddy in Myinmu Township.

They planted 1,953 acres of summer paddy in Myinmu Township. They started harvest of crops in May this year, and they have harvested all sown acreage of crops. After harvesting, summer paddy yielded 93.60 baskets per acre.

"In Myinmu Township, a total of 1,950 acres of summer paddy were planned for cultivation during this year's summer crop season, but cultivation was actually carried out on 1,953 acres. As of now, 100 per cent of the cultivated summer paddy fields have been fully harvested. Farmers who cultivated summer paddy were provided with agricultural technology, awareness on pest prevention, guidance to prevent crop loss, and instructions to ensure timely storage of harvested paddy under proper shelter," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

In Myinmu Township, to help farmers increase their per-acre yield and reach target production levels, quality and pure seeds were distributed, agricultural pamphlets were handed out, farmer training sessions and awareness talks were organized, and efforts were made to ensure timely access to necessary inputs.

Farmers were also encouraged to coordinate with the Department of Agriculture to make early preparations after the monsoon paddy and monsoon crop harvests— such as following pest and disease prevention guidelines issued by the department, engaging in soil nutrient replenishment, and preparing and storing quality seeds for timely cultivation of summer paddy and other crops.

206

# More than 5,000 acres of sweet corns planted in Yinmabin District

**Yinmabin July 1**

Yinmabin District Department of Agriculture of Sagaing Region stated that local farmers have so far planted more than 5,000 acres of sweet corns as monsoon crops in the district this monsoon.

Local authorities earmarked cultivation of 27,705 acres of sweet corns in the district in 2025-26 cultivation season. So, local farmers have planted 1,920 acres of sweet corns in Yinmabin Township, 1,400 acres in Kani Township and 2,006 acres in Pale Township, totalling 5,326 acres.

“During this year’s monsoon crop season, it has been planned to cultivate over 27,000 acres of sweet corn in Yinmabin District. So far, more than 5,000 acres have already been cultivated. Efforts are underway to reach the full target acreage. Awareness campaigns are also being conducted to ensure successful crop yields and prevent pest and disease outbreaks,” said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

For the 2025-2026 monsoon crop season, local authorities earmarked the cultivation of sweet corn in Yinmabin District. In this regard, Yinmabin Township set a plan to grow 11,500 acres of sweet corns, Kani Township 2,156 acres, Salingyi Township: 2,962 acres and Pale Township 11,087 acres, totalling 27,705 acres.

This year, training sessions, demonstration plots, and integrated pest management (IPM) practices have been provided to farmers cultivating seed corn and sweet corn in Yinmabin District. Preventive measures against fall armyworm, as well as education on the use of natural pesticides for pest control, are also being implemented.

In Yinmabin District, one acre of maize can yields over 50 baskets, with a production cost of approximately K500,000 per acre. One acre of sweet corn can yield around 15,000 ears, with a cost of over K500,000 per acre.

206

# Htigyaing Township completes cultivation of more than 60,000 acres of sugarcane

**Htigyaing July 1**

Statistics of Htigyaing Township Department of Agriculture in Sagaing Region stated that local farmers have planted 65,850 acres of sugarcane as monsoon crops this monsoon.

During the 2025-2026 monsoon crop season, it has been planned to cultivate 65,909 acres of sugarcane in Htigyaing Township. Planting began in May of this year, and up to now, a total of 65,850 acres have already been cultivated. Efforts are ongoing to meet the target acreage.

“The plan for this year’s monsoon season in Htigyaing Township is to grow a total of 65,909 acres of sugarcane. So far, 65,850 acres have been planted. We are working to meet the full target. Local farmers usually grow sugarcane regularly,” said U Ko Ko Aung, the Township Head of the Department of Agriculture in Htigyaing.

Sugarcane cultivation in Sagaing Region takes place mainly in Shwebo, Kanbalu, and Katha districts. Among them, Kanbalu and Katha districts have the largest sugarcane cultivation areas.

In Htigyaing Township, the cultivation cost is estimated between K600,000 and K700,000 per acre, and the average yield is about 30 tons per acre.

In Sagaing Region, high-yield sugarcane varieties such as K-95/84, Nawaday-4, Formosa, and Hsinshweli are cultivated, with a focus on both rain-fed and irrigated plantations.

206

# Thailand's foreign tourists drop to 16.68 million in H1

**Bangkok July 1**

Thailand recorded over 16.68 million foreign tourists in the first half of 2025, marking a decline of 4.66 percent from a year earlier, official data showed on Tuesday.

With 2.29 million arrivals, Malaysia became the largest source of inbound visitors for the first six months of this year, followed closely by China at 2.26 million, along with India, Russia and South Korea, according to the Thai Ministry of Tourism and Sports.

The Southeast Asian country has generated approximately 771.55 billion baht (about 23.80 billion U.S. dollars) in revenue from international tourists so far this year, down 2.31 percent year-on-year, the ministry said in a statement.

Last year, the kingdom received over 35.54 million foreign tourists, a rise of 26.27 percent from the previous year, thanks to eased entry rules and visa exemption measures.

Tourism, the key driver of the nation's economic growth, accounts for 14.71 percent of its gross domestic product and 11.98 percent of employment in 2024.

Xinhua

# Trump signs order ending most sanctions on Syria

**Washington July 1**

U.S. President Donald Trump on Monday signed an executive order terminating most sanctions on Syria, the White House said in a fact sheet.

"The Order removes sanctions on Syria while maintaining sanctions on (ousted former Syrian president) Bashar al-Assad... The Order permits the relaxation of export controls on certain goods and waives restrictions on certain foreign assistance to Syria," said the White House.

Following the order, five executive orders that created the existing Syria sanctions program were immediately terminated, while the State Department issued a 180-day waiver of sanctions under the Caesar Act.

The U.S. Treasury Department already took the first step in lifting sanctions on Syria by issuing a general license, known as GL25, to authorize transactions involving the interim Syrian government, its central bank and state-owned enterprises.

Sanctions on Assad, his associates, human rights abusers, drug traffickers, persons linked to chemical weapons activities, ISIS and their affiliates and Iranian proxies will remain in place, according to White House Press Secretary Karoline Leavitt.

Under the order, U.S. Secretary of State Marco Rubio is directed to "explore avenues for sanctions relief at the United Nations."

Xinhua



White House Press Secretary Karoline Leavitt takes questions during a press briefing at the White House in Washington, D.C., the United States, on June 30, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံက ဂျက်အင်ဂျင်သုံးမီနီခရုဇ်ဒုံးကျည်အဖြစ် တီထွင်ထုတ်လုပ်ထားသော တိုက်ခိုက်ရေးဒရုန်းကို ပစ်လွှတ်စမ်းသပ်




တူကီယဲနိုင်ငံသည် ဂျက်အင်ဂျင်သုံး မီနီခရုဇ်ဒုံးကျည်အဖြစ် တီထွင်ထုတ်လုပ်ထားသော Baykar ကုမ္ပဏီထုတ် Kemankes 1 တိုက်ခိုက်ရေးဒရုန်းကို Akinci မောင်းသူမဲ့လေယာဉ်မှ စမ်းသပ်ပျံသန်းနိုင်ခဲ့ပြီး ဝေဟင်မှဝေဟင်စစ်ဆင်ရေးများအတွက် လေကြောင်းရန်ကာကွယ်ရေးနယ်ပယ်သစ်ကို ချဲ့ထွင်ပေးနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနမှ ဇွန် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘက်စုံတိုက်ပွဲဝင် အသုံးပြုနိုင်မှု၏ ထူးခြားသောစွမ်းဆောင်ရည်သရုပ်ပြသ၊ စမ်းသပ်မှုတွင် တူကီယဲနိုင်ငံ Baykar ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီသည် AI စွမ်းအင်သုံး Kemankes 1 တိုက်ခိုက်ရေးဒရုန်းဖြင့် မြေပြင်ပစ်မှတ်များသာမက ဝေဟင်ပစ်မှတ်များပါ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်ကို သက်သေပြသနိုင်ခဲ့ခြင်းဖြင့် သမိုင်းဝင်မှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ဤဖွံ့ဖြိုးတိုးတက်မှုသည် ခေတ်သစ်လေကြောင်းစစ်ပွဲတွင် လိုက်လျောညီထွေရှိသောလေကြောင်းစွမ်းအားများအဖြစ်အရေးပါလာသည့် တိုက်ခိုက်ရေးဒရုန်းများ၏လေကြောင်းရန်ကာကွယ်ရေးနယ်ပယ်တွင် မီးမောင်းထိုးပြခဲ့သည်။

Kemankes 1 တိုက်ခိုက်ရေးဒရုန်းသည် ဉာဏ်ရည်တုနည်းပညာသုံးတိကျပဲ့ထိန်းတိုက်စွမ်းရည်ဖြင့် လေထဲတွင်ကြာမြင့်စွာ ပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းရှိမည့် အသေးစားလက်နက်တစ်မျိုးအဖြစ် ကြိုးပမ်းထုတ်လုပ်ခဲ့ခြင်းလည်းဖြစ်သည်။ အကွာအဝေးကီလိုမီတာ၂၀၀ ကျော်ထိ စွမ်းဆောင်ရည်မြင့်မားသော optical guidance system လမ်းညွှန်စနစ်ဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် Kemankes 1 သည် ပြိုင်ဆိုင်မှုပြင်းထန်သောလေပိုင်နက်ပေါ်တွင် ဝင်ရောက်လာမည့် ဝေဟင်ခြိမ်းခြောက်မှုများကိုခြေရာခံထိန်းကျောင်းပြီး အော်ပရေတာလုပ်ဆောင်ချက်အနည်းဆုံးဖြင့် အလိုအလျောက် တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ယခုတစ်ကြိမ် စမ်းသပ်မှုတွင် Akinci မောင်းသူမဲ့လေယာဉ်မှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး Kemankes 1 တိုက်ခိုက်ရေးဒရုန်းအနေဖြင့် ၎င်း၏အဆင့်မြင့် jamming တန်ပြန်ရေးစနစ်များ၊ စောင့်ကြည့်ခြင်းနှင့် ပစ်မှတ်ထားတိုက်ခိုက်နိုင်ရန်အတွက် ဆက်သွယ်ဆောင်ရွက်နိုင်မည့် ဒေတာ ချိတ်ဆက်မှုများအပေါ်မူတည်၍ တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

Kemankes 1 တိုက်ခိုက်ရေးဒရုန်းနှင့်အတူ Baykar ကုမ္ပဏီ၏ ကြိုးပမ်းအားထုတ်မှုများကို လေ့လာကြည့်လျှင် ပထမဦးဆုံး ရှေ့ပြေးနမူနာပုံစံများကတည်းက စနစ်တွင် ပေါင်းစည်းမှု၊ လေထဲတွင် ပျံသန်းမှုကြာချိန်၊ ဉာဏ်ရည်တုသုံး ပစ်မှတ်ဖော်ထုတ်သိရှိမှုစနစ်စသည်တို့နှင့်ပတ်သက်၍ စမ်းသပ်မှုများစွာပြုလုပ်နိုင်ခဲ့သည်။ မြေပြင်ပစ်မှတ်များကို ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်းရှိသည့် သမားရိုးကျ တိုက်ခိုက်ရေးဒရုန်းများနှင့်မတူဘဲ ဤလေကြောင်းမှပစ်လွှတ်၍ ဝေဟင်မှဝေဟင် ပစ်တိုက်ခိုက်မှုစွမ်းရည်များ ပြသနိုင်ခဲ့ခြင်းသည် မဟာဗျူဟာမြောက်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ညွှန်းပြသနေခြင်းလည်းဖြစ်သည်။ ထို့ကြောင့် Akinci မောင်းသူမဲ့လေယာဉ်ကဲ့သို့ ကုန်ကျစရိတ်သက်သာသော တိကျပဲ့ထိန်းတိုက်ခိုက်ရေး မောင်းသူမဲ့လေယာဉ်များကိုအသုံးပြု၍ လေကြောင်းရန်ကာကွယ်ရေးနယ်ပယ်ကို အားဖြည့်ပေးနိုင်ခဲ့ပြီလည်းဖြစ်ကြောင်း သိရသည်။

**Turkiye's Baykar Kemankes-1 Loitering Munition Adds Air-to-Air Strike Role to Drone Warfare.ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက Shahed-107 အသေခံတိုက်ခိုက်ရေးဒရုန်းသစ်ကို တရားဝင်ထုတ်ဖော်ပြသခဲ့

အီရန်အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်(IRGC)သည် အကွာအဝေးစွမ်းရည်မြင့်မားစွာဖြင့် Shahed-107 အသေခံတိုက်ခိုက်ရေးဒရုန်းသစ်ကို တရားဝင်ထုတ်ဖော်ပြသခဲ့ကြောင်း အီရန်နိုင်ငံပိုင်သတင်းမီဒီယာများ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ Army Recognition သတင်းဌာနက ဇွန် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဇွန် ၁၃ ရက်ကစတင်ခဲ့သည့် အီရန်နှင့်အစ္စရေးတို့ကြားစစ်ရေးအရ ထိပ်တိုက်တွေ့မှုအတွင်း အဆိုပါအသေခံတိုက်ခိုက်ရေးဒရုန်းသစ်ကို ထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်သည်။

Shahed-107 ဒရုန်းသည် ဂျက်အင်ဂျင်များနှင့်နှိုင်းယှဉ်ပါက ဆူညံသံထုတ်လွှတ်မှုကိုလျှော့ချပေးနိုင်သည့် ပစ္စတင်အင်ဂျင်တပ်ဆင်ထားသော အသေခံတိုက်ခိုက်ရေးဒရုန်းဖြစ်ပြီး ကင်းထောက်ခြင်းနှင့်စောင့်ကြည့်ခြင်း ရည်မှန်းချက်တာဝန်များကို အချိန်ကြာမြင့်စွာ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ဒရုန်းကိုယ်ထည် အရှည် ၂ ဒသမ ၅ မီတာ၊ တောင်ပံအလျား သုံးမီတာရှိသည်။ ကနဦးဒီဇိုင်း Shahed-101 ဒရုန်းပေါ်တွင် အခြေခံထားပုံရှိပြီး ကိုယ်ထည်ဖွဲ့စည်းပုံ၊ အင်ဂျင်အမျိုးအစားနှင့် ကျစ်လျစ်ပေါ့ပါးစွာ တည်ဆောက်ထားမှုအပိုင်းတို့တွင် တူညီလုနီးပါးဖြစ်သည်။ အီရန်နိုင်ငံပိုင် သတင်းမီဒီယာများမှ ထုတ်ပြန်ထားသည့် ဓာတ်ပုံများတွင် ဒရုန်းထိပ်ဦးချွန်၍ ထောင့်မှန်စတုဂံပုံတောင်ပံနှစ်ဖက်ပါရှိပြီး ရှေ့ပိုင်းတွင် Pitot tube တစ်ခုတပ်ဆင်ထားသည့်အတွက် အလျင်နှုန်းတိုင်းတာခြင်းနှင့် လမ်းကြောင်းပြကိရိယာပါရှိကြောင်း ညွှန်ပြနေခြင်းဖြစ်သည်။

လက်ရှိသတင်းများအရ အဆိုပါအသေခံတိုက်ခိုက်ရေးဒရုန်းသည် အကွာအဝေး ကီလိုမီတာ ၁၅၀၀ ထိ ပျံသန်းစစ်ဆင်နိုင်မည်ဟုသိရှိရသော်လည်း တရားဝင်နည်းပညာဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ထားခြင်းမျိုးတော့မရှိသေးပေ။ နိုင်ငံတကာစစ်မှုရေးရာ အဖြာဖြာ သတင်းရေးသားချက်များ၌ Shahed-107 အသေခံတိုက်ခိုက်ရေးဒရုန်းသည် အမျိုးအစားတူ ဒရုန်းများနှင့်နှိုင်းယှဉ်လျှင် အသံပိုင်းဆိုင်ရာဆူညံမှု ၇၅ ရာခိုင်နှုန်းထိလျှော့ချပေးနိုင်ရန် composite materials များနှင့် အတွင်းဘက်ပန်ကာ တပ်ဖွဲ့စည်းတည်ဆောက်ထားခြင်းမျိုးဖြစ်သည်။ Shahed-107 သည် ဖောက်ခွဲရေးပစ္စည်း ကီလိုဂရမ် ၁၀၀ ထိသယ်ဆောင်နိုင်ပြီး ယာဉ်တင်ပစ်လွှတ်စင်များ သို့မဟုတ် အစိုင်အခဲလောင်စာသုံးအားမြင့်ကိရိယာများကိုအသုံးပြု၍ ပစ်လွှတ်နိုင်သည်ဟု သိရသည်။

Shahed-107 သည် တန်ဖိုးမြင့်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် ရည်ရွယ်သည်ဟု သိရသည်။ အီရန်သတင်းရင်းမြစ်များက အဆိုပါဒရုန်းတွင် တိုက်ရိုက်ဗီဒီယိုထုတ်လွှင့်ရန် transmitter တစ်ခုတပ်ဆင်ထားသောကြောင့်



ထောက်လှမ်း စောင့်ကြည့်ခြင်းများကို မြေပြင်အော်ပရေတာများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပေးပို့နိုင်စေမည်ဖြစ်ကြောင်း ပြောကြားထားကြသည်။

Shahed-107 သည် Shahed-101 ကဲ့သို့သော အစောပိုင်းဒရုန်းမော်ဒယ်များမှ အကြီးစား Shahed-149 Gaza နှင့် Shahed-238 ဒရုန်းများကဲ့သို့သော ဂျက်အင်ဂျင်သုံးစနစ်များပါဝင်သော အီရန်နိုင်ငံ၏ Shahed ဒရုန်းအုပ်ကို ထပ်မံအင်အားဖြည့်တင်းနိုင်ခဲ့မှုလည်းဖြစ်သည်။ အစုလိုက်အပြုံလိုက် အုပ်ဖွဲ့တိုက်ခိုက်နိုင်သော ဒရုန်းများနှင့် အရွယ်အစားပိုမိုကြီးမားသောလေထဲတွင် ကြာရှည်ပျံသန်းနိုင်သည့် ဒရုန်းများကြားတွင် အလယ်အလတ်တန်းစားနည်းဗျူဟာမြောက် တိုက်ခိုက်ရေးဒရုန်းအဖြစ် ကွက်လပ် ဖြည့်ပေးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

တိုက်ခိုက်ရေးဒရုန်းများ အမျိုးအစားစုံလင်စွာတီထွင်ထုတ်လုပ်၊ ဖြန့်ကြက်အသုံးပြုနိုင်ခြင်းဖြင့် အီရန်နိုင်ငံသည် ဒေသတွင်းနှင့် ပြည်ပစစ်ဆင်ရေးများဆောင်ရွက်ရာတွင် ကြုံတွေ့လာရမည့် ဖိအားများကို တန်ပြန်နိုင်ရန်အတွက် ကျယ်ပြန့်စွာ ကြိုးပမ်းအကောင်အထည်ဖော်နေသည့် မဟာဗျူဟာ၏တစ်စိတ်တစ်ပိုင်းလည်းဖြစ်ကြောင်း သိရသည်။

**Iran strengthens deep strike operations on high-value targets with new Shahed-107 suicide drone. ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၄၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၄၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၂၆၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၁၀၅၃ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၃၅၂ ဧက စုစုပေါင်း ၁၄၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၄၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် သီးနှံတွေ ဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့လဲ နည်းပညာတွေပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မိုးသီးနှံ စိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၁၁၀၉ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၁၅၃၆ ဧက စုစုပေါင်း ၂၆၄၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်၍ ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇွန်လအတွင်း ပုစွန်အစုံပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ပုစွန်အစုံပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် မေလ အတွင်းက ပုစွန်အစုံပိသာချိန် ၄၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပုစွန်အစုံပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

''ဘိုကလေးမြို့နယ်ကနေ ရေထွက်ကုန်အများစုကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပုစွန်တွေအပါအဝင် အခြားရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့ လုပ်ငန်းရှင်တွေလဲ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်''ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြ၍ သိရသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ တစ်ပိသာဈေးနှုန်းသည် ပုစွန်ဆိတ်သေး တစ်ပိသာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိသာလျှင် ငွေကျပ် ၁၈၅၀၀မှ ၂၃၅၀၀၊ ပုစွန်ဘော့ချိတ် တစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀၊ စသည်ဖြင့် လတ်ဆတ်မှုအပေါ် မူတည်ပြီး ဈေးနှုန်း အပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် ညောင်ပင်သာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဇူလိုင် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ တောင်ပို့ကြီး ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ညောင်ပင်သာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်၅၈ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စည်းကမ်းချက်များ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# သာယာဝတီမြို့နယ် ညောင်နီကုန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ကော်မတီဖွဲ့စည်း



**သာယာဝတီ ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာဝတီမြို့နယ် အောက်လက်ပံခုန် ကျေးရွာအုပ်စု ညောင်နီကုန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ စာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က ကျေးရွာသူ၊ ကျေးရွာသားများကို အစုအဖွဲ့ဖြင့် ဆောင်ရွက်တတ်စေရန်နှင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီ ခရိုင်ဦးစီးမှူးက ကျေးရွာတစ်ရွာ၌ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်မှုတွင် အထောက်အကူ ဖြစ်စေရေးအတွက် အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ ကျေးရွာလုပ်ငန်းအဖွဲ့၊ အသက်မွေးဝမ်းကျောင်းအဖွဲ့များ ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား ရပ်မိရပ်ဖများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**သုတ**


တိုမစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု "ယဉ်ကျေးဝဆာမေမြန်မာ၊မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်" ဝတ်စားဆင်ယင်မှုပြပွဲနှင့်ဂီတဖျော်ဖြေပွဲသို့တက်ရောက်အားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ကို ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ အနုပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကကြီးမှူးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အဆိုပါ ဝတ်စားဆင်ယင်မှုပြပွဲနှင့်ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီး၊တွဲဖက်အတွင်းရေးမှူး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၏ဇနီး၊နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ဒုတိယစာရင်းစစ်ချုပ်၊အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် "မြန်မာအမျိုးသမီးများနေ့" တေးသီချင်း၊ "ဗမာမလေးပါရှင်" "အင်အားသစ်များနှင့်အတူ" တေးသီချင်းများနှင့် သုံးရာသီချစ်သူတေးသီချင်းများ၊ "နွေဂိမာန်အလှမေမြတ်ဝါဆိုက"၊ "ယုံးယုံးလက်ရာဝသန်ခါ"နှင့် "ဟေမာန်ဆောင်းအသွင်ပိုးမင်းကြီးအဆင်" ခေါင်းစဉ်တို့ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများဝတ်စားဆင်ယင်ပြသမှုတစ်ခန်းရပ်ပြဇာတ်များတင်ဆက်မှု၊ "ကမ္ဘာတည်သရွေ့" တေးသီချင်းနှင့် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က ဂုဏ်ပြုပန်းစည်းများချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ကလည်းကောင်း၊ ဝတ်စားဆင်ယင်မှုပြပွဲနှင့်ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်သောမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အတွင်းရေးမှူး ဒါရိုက်တာ ဒေါ်မြတ်မြတ်ဦးနှင့်ပါဝင်ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များကိုယ်စား အကယ်ဒမီများရှင်ရန်အောင်နှင့်စိုးမြတ်သူဇာတို့ကလည်းကောင်း လက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ တာဝန်ရှိသူများက အနုပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ကာကွယ်ရေး ဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် မိုးလုံလေလုံအားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်းနှင့် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်အသင်းနှင့် မှော်ဘီလေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင် ၁၁ ရက်ထိယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ လေးကျွန်းမြေအုဋ်ကျောင်း၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိရပ်ကွက်၌ အန္တရာယ်ရှိနေအိမ်အဆောက်အအုံအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရွှေစေတီဘာသန္တရသင်တန်းကျောင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့်မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေမှု၊ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများ၊ စာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များရှိ အပျက်အစီးများနှင့် နေအိမ်အဆောက်အအုံများရှိ အပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် စစ်ကိုင်းမြို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များပေးအပ်၍ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်၊ ပုလဲငွေရောင်ရပ်ကွက်နှင့် မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း(၃/၂၀၂၅)ကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းအဖွဲ့(၃/၂၀၂၅)ကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေးမစတင်မီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ရှစ်ခုရှိ မြို့နယ် ၅၄ ခုတွင် ထိခိုက်ပျက်စီးခဲ့သည့်ပြည်သူများ၏ နေအိမ်များပြန်လည်ပြုပြင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းဖြစ်သည့် ဘိလပ်မြေအိတ် ၅ ဒသမ ၃၄၄ သန်းပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးရာ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက သုံးစွဲသူပြည်သူများသယ်ယူစရိတ်သက်သာစေရေးအတွက် ဒေသအတွင်းရှိ ဘိလပ်မြေစက်ရုံများကို တာဝန်ပေးအပ်၍ ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေများကို ပြည်သူများလွယ်လင့်တကူဝယ်ယူအသုံးပြုနိုင်ရေးအတွက် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဈေးရောင်းပွဲတော်ကျင်းပ၍ ရောင်းချဖြန့်ဖြူးပေးခဲ့ကြောင်း၊တိုင်းဒေသကြီး၊ပြည်နယ် ရှစ်ခုမှ ဘိလပ်မြေများလိုအပ်ချိန်တွင် ထုတ်လုပ်ပေးနိုင်ရေးစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့သည့် စက်ရုံ၊အလုပ်ရုံများအမြန်ဆုံးလည်ပတ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့၍ စက်ရုံ၊အလုပ်ရုံများ၏ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကိုသိရှိနိုင်ရန်နှင့်လိုအပ်ချက်များကိုထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံများသို့ ကွင်းဆင်းသွားရောက်၍ စက်အရန်ပစ္စည်းများအချိန်မီရရှိရေး၊ ကုန်ကြမ်းသွင်းအားစုများရရှိရေးစသည်တို့ကိုကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံရသည့်အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအခြေအနေတို့ကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်မှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံရသည့်အခက်အခဲများကို လည်းကောင်း၊ ဘိလပ်မြေ ထုတ်လုပ်သူများအသင်းတွင် ပါဝင်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်များက စက်ရုံအလိုက်လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေကိုလည်းကောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဘိလပ်မြေထုတ်လုပ်သည့် နည်းပညာများလွှဲပြောင်းရရှိရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကိုလည်းကောင်း၊ တက်ရောက်လာသူများက ဘိလပ်မြေများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်အခြေအနေတို့ကိုလည်းကောင်းဝိုင်းဝန်းဆွေးနွေးကြပြီး စက်ရုံများမှတင်ပြသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် ဦးဥတ္တမလမ်း အမှတ်(၄၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၆-၂၀၂၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန်ကြေညာအပ်ပါသည်။

**ရခိုင်တိုင်းရင်းသားများပါတီ(Rakhine Nationalities Party)၏ အလံပုံစံ**



**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာနီလာမြင့်ထူး | ပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေပြည်တော်၌ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ - ၂၀၂၅ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁**

မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းမှုတို့ကို အားပေးလှုံ့ဆော်သောမူပိုင်ခွင့်ဂေဟစနစ်ကို အားကောင်းစေရန် ဦးတည်ချက်ဖြင့် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ- ၂၀၂၅ကို ဇူလိုင် ၃ ရက်မှ ၄ ရက်ထိ Jasmine Naypyitaw Hotel ၌ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာမူပိုင်ခွင့်ညီလာခံတွင် ပြည်တွင်း၊ ပြည်ပမှ Keynote Speakers များနှင့် စာတမ်းရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သုတေသနပညာရှင်များ၊ ဥပဒေအကျိုးဆောင်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်းဦးရေ ၃၀၀ ခန့်ဖိတ်ကြား၍ စာတမ်းစုစုပေါင်း ၅၀ ခန့် ဖတ်ကြားသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၈၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# အမည်မည်းစာရင်းကြေညာခြင်း

(ယမန်နေ့မှအဆက်)

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၄၅ | GILGAL OVERSEAS COMPANY LTD. | Mr. Carter Sesu Michael | Kyaik Kuauk Pagoad Road, Room No. 916, Building A3, STAR City, Thanlyin Township, Yangon | Z3107875 |
| | | Daw Naw Precious Joy | | 12/AHSANA(N)182584 |
| ၄၆ | GLOBAL BRIDGE GROUP COMPANY LIMITED. | Nay Ni Myint | No.(2), Waizaiyada Road, 4 (B), Thingankyun, Yangon Upper Baho Street, Building D, Room 609, 6 Floor, Mayangone, yangon | 13/TAKANA(N)168888 |
| | | Daw Yang Min Song | | 1/WAMANA(PYU)000270 |
| | | Daw Yone Yone | | 13/TAKANA(N)168178 |
| ၄၇ | GLOBAL GARUDA COMPANY LIMITED. | U Aung Naing Oo | 36 Street, Between (77x78) ST, No-133, Maha Aung Myay TSP, Mandalay | 9/MAHAMA(N)009669 |
| | | Daw Thwe Thwe Aung | | 9/PAOULA(N)001602 |
| ၄၈ | GLOBAL GEO INDUSTRY AND MINING CO., LTD. | Daw Moon December | 7, No. (65-66), Industrial Zone(1), Loikaw, Kayah | 2/LAKANA(N)067727 |
| | | U Hla Htwe | | 8/NAMANA(N)122472 |
| | | U Tay Zar Win Tun | | 12/OUKATA(N)150268 |
| ၄၉ | GLOBAL STEEL MYANMAR COMPANY LIMITED | Mr. Li Wu | R.(6) Street, No. (269), Mingaladone Garden City, Mingalardone Township, Yangon | E84011080 |
| | | Mr. Tsai Chi Fu | | 308682711 |
| | | Mr. Zhang Wenchuan | | E68838585 |
| | | Mr. Wang Zhenjie | | EA4226889 |
| ၅၀ | GLORY RADICAL TRADING COMPANY LIMITED. | Daw Nang Aye Wah | Conner of Sit Taung Street and Ma Li Hka Street, No. 101, Hlaing Thar Yar Township, Yangon | 13/THAPANA(N)029327 |
| | | U Tang Seng | | 1/THANANA(N)012404 |
| ၅၁ | GOLDEN BATTERY RECYCLING COMPANY LIMITED. | U Zaw Lin Tun | No. A-1, Room (701), Bahtoo Street, North Dagon Myothit Township, Yangon | 10/LAMANA(N)008174 |
| | | U Tun Tun Mon | | 10/YAMANA(N)153643 |
| ၅၂ | GOOD JOB COMPANY LIMITED. | Daw Win Win Thein | Shwe Oat Gu (5) Road, No (27), Room No. (004), Kamarkyi Housing, (8) Quarter, Tharkayta Township, Yangon | 9/KHAAHZA(N)021791 |
| | | U Kyan Kyar Roi | | 1/MAKANA(PYU)000337 |
| | | U Kyaw Thet Htun | | 9/AHMAZA(N)012341 |
| | | U Thein Kyaw Hlaing | | 11/PATANA(N)131638 |
| | | U Thet Tin Aung Win | | 3/BAAHNA(N)165694 |
| | | U Win Soe Oo | | 7/PAKHANA(N)290131 |
| ၅၃ | GREAT JOY COMPANY LIMITED. | Daw Su Su Aye | 34 Street, Upper Block, No. 177, 5th Floor, Shwe Ou Dawn Min Condo, Kyauktatar Township, Yangon | 11/TAKANA(N)107486 |
| ၅၄ | GREAT MOUNT SILVER TRADING COMPANY LIMITED. | U Zaw Min Tun | No.94, 37th Street (Middle), Ground Floor, 5 Ward, Kyauktada Township, Yangon | 12/AHSANA(N)158100 |
| ၅၅ | GREEN ELEPHANT HOUSE CO., LTD. | Daw Khyn Hla Hla Aung | Orchid Garden Lane 2, O 108, FMI Housing Estate Hlaing Thar Yar Township, Yangon | 12/KAMAYA(N)050263 |
| ၅၆ | GREEN MAST TRADING CO., LTD. | Daw Khin Su Su Htwe | No(1572), May Kha Road, (63) Quarter, Industry Zone (2), South Dagon Township, Yangon | 9/KAMANA(N)097283 |
| | | Daw Khin Than Myint | | 9/KAMANA(N)081025 |
| | | Daw Khin Than Saw | | 9/KAMANA(N)072845 |
| | | U Soe Aung | | 9/MAKANA(N)008779 |
| ၅၇ | HAY SHAN SMILE COMPANY LIMITED. | U Kyi Min | No.(115), 92 Street, Kan Shae Ward, Mingalar Taung Nyunt Township, Yangon | 12/KAMANA(N)099792 |
| | | Daw Win Win Maw | | 12/KAHKAKA(N)060953 |
| ၅၈ | HENG SHENG YE JIN COMPANY LIMITED. | Mr. Man Shenqiang | Building No(15), Room No. (9), Sabal Street, Thar Yar Gone Ward, Mingalar Taung Nyunt Township, Yangon | E13374261 |
| | | Mr. Wang Yi Bing | | G57634512 |
| | | U Sai Won Kyauk | | 13/KATANA(N)003667 |
| ၅၉ | HI TOP MIRAMAR COMPANY LIMITED. | | | |
| ၆၀ | HNIN HAY MARN COMPANY LIMITED. | U Min Naing Oo | No. 30, Myawaddy Asia Road, Thin Gan Nyi Naung, Ywar Thit Village, Myawaddy,Kayin State | 7/PHAMANA(N)110059 |
| ၆၁ | HUA SU COMPANY LIMITED | U Tun Lin | Industry (2) Street, No. (95/96), Myanugtagar Indaustrial, Hmawbi Township, Yangon | 13/MANANA(N)037375 |

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၆၂ | IMX MYANMAR COMPANY LIMITED. | Daw Phyo Phyo Khine | Bo Oaktama Street, No. 502, No.2 (KH) Ward, Mingaladon Township, Yangon | 1/MAKATA(N)118368 |
| | | U Thura Kyaw | | 5/BATALA(N)052824 |
| ၆၃ | INTERUNION MYANMAR CO., LTD. | Ms. GENEVIEVE LIM POH LEE | Alanpya Pagoda Road, 103, Laypyaywun Plaza Dagon, Yangon Zawtika Street,18 Myaynigone, Sanchaung Yangon | E5955550J |
| | | Daw Phyu Thin Ei | | 9/MAKANA(N)099997 |
| | | U Thura Tun | | 12/KAMAYA(N)031270 |
| ၆၄ | JAE TONG INTERNATIONAL LOGISTICS COMPANY LIMITED. | Daw Naw Eha Thi Phaw | Shwe Tharaphi (3) Street, No.(H/98), (5) Ward, Hlaing Thar Yar TSP, Yangon | 14/MAAHPA(N)297943 |
| | | U Lauk Tar @ Aung Khant | | 13/LAYANA(N)191929 |
| ၆၅ | JAI RUI GARMENT COMPANY LIMITED. | U Kyee Fa @ U Aung Naing Win | Ngwe Sin Housing, No.96, Kaung Mu Tone Wuarter, Muse Township, Shan State | 12/KAMATA(N)065933 |
| | | U Kyee Swe @ Ye Aung | | 13/MAHSATA(N)041459 |
| ၆၆ | JU XIAN COMPANY LIMITED. | U Aik Chwan | No.63, (3) Street, Zayar Mon Ward, Kyeikehto Township, Mon State | 13/MAMATA(PYU)001070 |
| | | Daw Aye Shwe | | 13/NAMATA(N)058168 |
| ၆၇ | JULY KO KO TRADING CO.,LTD. | U Tun Lin Aung | Thukha Street, No. 214, 24 Ward, South Dagon Township, Yangon | 9/MAHTALA(N)004353 |
| | | U Zaw Myo Aung | | 12/DAGATA(N)062929 |
| ၆၈ | KANAUNG SCIENTIFIC (KSFE) COMPANY LIMITED. | Daw Moh Moh Ei Swe | Thumingalar Road, RM(201), 2nd Floor, Building 521(A+B), Shwe Naing Ngan Thit Mini Condo, South Oakkalar Township, Yangon | 12/HTATAPA(N)079473 |
| | | U Lin Win Thein | | 13/NYAYANA(N)087975 |
| | | U Thura Kyaw | | 12/MAYAKA(N)111971 |
| ၆၉ | KO HTET EXPORT IMPORT COMPANY LIMITED. | U Thet Naung Tun | (54) Street, No(448), 4th Floor, Botahtaung Township, Yangon | 12/OUKATA(N)190447 |
| | | U Zaw Zaw Aung | | 12/OUKATA(N)153775 |
| ၇၀ | KYEL SIN KHA COMPANY LIMITED. | U Aung Moe | Aung Theikdi Street, No. (40/KA), TA/15 Ward, Shwe Pyi Thar Township, Yangon | 12/LAMANA(N)009853 |
| ၇၁ | KY–THA INDUSTRIAL DEVELOPMENT COMPANY LIMITED. | Daw Mar Lar | Bayintnaung Road, No.7, 14 Quarter, Hlaing Township, Yangon | 12/KAMAYA(N)006572 |
| | | U San Tun | | 12/SAKHANA(N)048999 |
| ၇၂ | LASHIO GREEN LEAF COMPANY LIMITED. | U Aung Than Zaw | Anawyahta Street, No–22, Block 2, 27 Ward, North Dagon TSP, Yangon | 12/TAKANA(N)200920 |
| | | U Hsan Maung | | 13/LAYANA(N)187754 |
| ၇၃ | LIFE M.M.K COMPANY LIMITED. | U Sa Min Aung | No. (112/2), 29th Street, Latepyarkan Yonegyi Ward, Bago | 14/MAMANA(N)231673 |
| | | U Myint Aung | | 12/KHAYANA(N)107882 |
| | | U Kyaw Win | | 12/MAGATA(N)079450 |
| ၇၄ | LINEAGE POWER (MYANMAR) LIMITED. | Mr. VIJU VARGHESE VARGHESE | Yadanar Road, No. 23/B, 14th Ward, Yankin Township, Yangon | Z5126506 |
| | | Mr. MURALIDHAR ARUMALLA | | Y6329904 |
| | | Ms. PADMA VENUGOPAL MADDISETTY | | N5145213 |
| | | Mr. VENUGOPAL RAO MADDISETTY | | Z4515860 |
| ၇၅ | LINFRA LIMITED. | Mr. GABRIEL BOU GEBRAEL | 35th Street, No. 162, No. 2 Quarter, Kyauktada Township, Yangon | RL3511732 |
| | | Mr. MOHAMAD KHALED EL HAFFAR EL HABBAL | | LR0349166 |
| | | Daw Tin Wint Wint Lwin | | 12/YAKANA(N)020271 |
| ၇၆ | LINN WAI YAN COMPANY LIMITED. | U Khin Maung Oo | Botahtaung Zay Road, No(195), 6th Floor, Pazuntaung Township, Yangon | 12/BAHANA(N)090127 |
| | | U Lin Htut Ko | | 12/PAZATA(N)040055 |
| | | Daw San San Htay | | 12/PAZATA(N)040037 |
| | | U Saw Lwin | | 12/PAZATA(N)040103 |
| ၇၇ | LONG HENG (MYANMAR) MANUFACTURING COMPANY LIMITED. | Mr. HONG ZHENMEI | Myay Taing Block No. 144, Plot No.5 , South Dagon Myo Thit Township, Yangon | EH4770173 |
| | | Mr. LIN SHANGZENG | | G52498321 |
| | | Mr. LIN ZHONGMAN | | E60974095 |
| ၇၈ | LUCKY PARTNERS COMPANY LIMITED. | U Myint Zaw | No. (A/1), Shwe Myawaddy Street, Beside of New Myawaddy Market, Myawaddy Township, Kayin State | MGK–086018 |
| ၇၉ | LUCKY WIN COMPANY LIMITED. | U Nay Win Shein | Nant Phone Maw Street, Nant Phone Maw Quarter, Honmalin Township, Sagaing | 5/SAKANA(N)271640 |
| | | U Kyaw Myo | | 5/HAMALA(N)067254 |
| | | Daw Yin Yin Win | | 5/HAMALA(N)064441 |
| ၈၀ | M M N SHIPPING & SERVICES COMPANY LIMITED. | Daw Hnin Mar Lar | 122 Street, No.21, Third Floor, Mingalar Taung Nyunt, Yangon | 12/MAGATA(N)066130 |
| | | U Maung Maung | | 12/KATATA(N)003209 |
| ၈၁ | M2M MARKETING (MYANMAR) CO.,LTD. | Mr. PRINRAPHEE AKSORNKOSIN | No.9(P), Kyuan Tar (East) Village Group, Mudon Township, Mon State | AA7291547 |
| | | U Win Khine | | 10/MADANA(N)196482 |
| ၈၂ | MAJESTIC GLORY CO.,LTD. | | | |
| ၈၃ | MAL MA DI KO COMPANY LTD. | Daw Hay Mar Win | 87 Street, Ma(9),(6) Floor, Kan(West) Quarter, Mingalar–taungnyunt Township, Yangon | 12/NYALAPA(N)230077 |
| | | U Kyaw Win @ Shaw Phe Raman | | 12/MAGATA(N)118078 |

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား လေးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ယူဂန်ဒါနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး၊ မာဒါဂါစကားနိုင်ငံ သား တစ်ဦး စုစုပေါင်း လေးဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများကို ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ယူဂန်ဒါနိုင်ငံသံရုံး၊ နိုင်ဂျီးရီးယားနိုင်ငံသံရုံးနှင့် ကင်ညာနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မာဒါဂါစကားနိုင်ငံသံရုံးမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Kritiya Jantanamalaka နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှတာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၉၁၈၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝလ)



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား လေးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။

---

**❍ ဖမ်းဆီးရမိမှ အဆက်**

အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လိုက်မြို့ မြို့မ(၁) ရပ်ကွက်၌ တရားဝင် သယ်ဆောင်ခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀ ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သင်းခွေချပ်ကြေးခွံ ၂၄ ပိဿာ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀ ကို ဇီဝမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ တရားမဝင် နို့သာဖြူတုံး (အစို) ၆၅ ပိဿာ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၆၄၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၄၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၅၆ ပီပါ၊ ဓာတ်ဆီ ခုနစ်ပီပါ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၇၄၄၃၉ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ခြောက်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၃၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၀ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၂၉၂၈၆၃ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

---

## ပြည်သူများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျဆွေးနွေးခြင်း၊ လှူဒါန်းခြင်းတို့ ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာခြင်း

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ ထိခိုက်ပျက်စီးမှုများကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်ခဲ့သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကို လည်းကောင်း ဝင်ရောက်ဆွေးနွေးခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ အလှူပစ္စည်းဆက်သွယ်လှူဒါန်းခြင်းတို့ကို(www.myanmarearthquake.gov.mm)တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

---

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အမျိုးသမီးခြောက်ဦးအပေါ် အကြောင်းမဲ့ရက်ရက်စက်စက် နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ၂-၇-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“သစ္စာရှိလက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG၊ CRPHနဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။


---

**❑ မိုးသည်းထန်စွာရွာသွန်းခြင်းမှ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၄-၇-၂၀၂၅ ရက်နေ့မှ ၅-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပင်လယ်ငါးတစ်မျိုးဖြစ်သော တူနာငါး၏ သဘာဝနှင့်အသုံးဝင်ပုံ

တူနာငါးသည် သမုဒ္ဒရာထဲတွင် နေသော ငါးတစ်မျိုးဖြစ်သည်။ တူနာမျိုးစိတ်ပေါင်း ငါးမျိုးထိ ရှိသည်။ Albacore တူနာ၊ Atlantic Bluefin တူနာ၊ Skipjackတူနာ၊ Yellowfin တူနာ၊ Bigeye တူနာစသည်တို့ဖြစ်သည်။ တူနာငါးမျိုးစိတ်များ ထဲတွင် Skipjack တူနာငါးသည် အစားများကြသော အမျိုးအစားဖြစ်သည်။ တူနာငါးသည် ငါးသေတ္တာမျိုး နွယ်ဝင်ငါးတစ်မျိုးလည်း ဖြစ်သည်။ (ပလာတူး၊ ငါးကွန်းရှပ်စသော ငါးမျိုးစိတ်များနှင့် မျိုးစိတ် အတူတူဖြစ်သည်။)

**အရွယ်အစား**

တူနာငါးများသည် မျိုးစိတ်အလိုက် တစ်ကောင်ကို အရှည် ၁ ပေခွဲ၊ အလေးချိန် ၁ ဒသမ ၈ ကီလိုဂရမ်ကနေ အကြီးဆုံး အရှည် ၁၅ ပေနှင့် ၆၈၄ ကီလိုဂရမ်ထိရှိသည်။ Atlantic Bluefin တူနာအမျိုးအစားသည် အကြီးဆုံးတူနာအမျိုးစားဖြစ်သည်။

**မျိုးပွားခြင်း**

တူနာငါးများသည် ဥမှ အကောင်ပေါက်သော ငါးမျိုးစိတ်များဖြစ်ပြီး ခန္ဓာကိုယ်ပြင်ပတွင် မျိုးပွားကြသည်။ တူနာငါးများသည် မျိုးအောင်သည့် ဥများကို ရေထဲတွင်ဥချပြီး သားပေါက်ကြသည်။

**မျိုးပွားရန် ရွှေ့ပြောင်းခြင်း**

အချို့တူနာငါးမျိုးစိတ်များသည် ရေအပူချိန်နှင့် အစာရရှိနိုင်မှုကဲ့သို့သော အကြောင်းများဖြင့် ပိုမိုကောင်းမွန်သောနေရာများကို ရွှေ့ပြောင်းကြသည်။

**သားပေါက်ကောင်ရေ**

သားပေါက်ရာသီတစ်ခုတွင် တူနာငါးအမသည် ဥသန်းပေါင်းများစွာကို ဥပေးနိုင်ပြီး အချို့သော Southern Bluefin တူနာငါးကဲ့သို့သော မျိုးစိတ်များသည် သားပေါက်လျှင် ဥပေါင်း ၁၄ သန်းမှ ၁၅ သန်းထိ ဥပေးနိုင်သည်။

**သားပေါက်ရာသီ**

တူနာငါးများသည် မျိုးစိတ်နှင့်တည်နေရာကို လိုက်ပြီး ပူနွေးသောလများတွင် ပေါက်ဖွားလေ့ရှိကြသည်။

**သားပေါက်သည့်နေရာများ**

တူနာငါးပေါက်ပွားခြင်းသည် ရေအပူချိန်နှင့် ရေစီးကြောင်းအပေါ်မူတည်၍ အချို့တူနာငါးမျိုးစိတ်များသည် သီးခြားပေါက်ဖွားနိုင်သော နေရာများရှိသည်။ ဥပမာ - Atlantic Bluefin တူနာငါးသည် မက္ကဆီကိုပင်လယ်ကွေ့၊ မြေထဲပင်လယ်တွင်သာ ပေါက်ဖွားကြသည်။

**သားလောင်းဖွံ့ဖြိုးမှု**

တူနာငါးများသည် ၎င်းတို့၏ ဥအခွံအနှစ်အိတ်များကို စားသုံးပြီး အရွယ်ရောက်ကြီးထွားကြသည်။။

**တူနာငါးသက်တမ်း**

တူနာငါးမျိုးစိတ်များသည် မျိုးစိတ်တစ်ခုနှင့် တစ်ခု မတူပေ။ -Pacific Bluefin တူနာငါးများသည် ၂၆ နှစ်ထိ အသက်ရှင်နိုင်ပြီး ၎င်းတို့၏ ပျမ်းမျှ သက်တမ်းမှာ ၁၅ နှစ်ဖြစ်သည်။ ၎င်းတို့သည် အသက်ငါးနှစ်ဝန်းကျင်တွင် အရွယ်ရောက်လာကြသည်။ Atlantic bluefin တူနာငါးသည် နှစ် ၄၀ ထိ အသက်ရှင်နိုင်သည်။ ၎င်းတို့သည် နေရာဒေသပေါ်မူတည်ပြီး သက်တမ်းကွာခြားကြသည်။ မြေထဲပင်လယ်တွင် လေးနှစ်၊ အနောက်အတ္တလန်တိတ်သမုဒ္ဒရာတွင် ၁၀ နှစ်ထိ သက်တမ်းရှိနိုင်သည်။ Southern Bluefin တူနာငါးများသည် အနည်းဆုံး နှစ်ပေါင်း ၃၁ နှစ်ထိ နေထိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။ Bigeye တူနာငါးများသည် အနည်းဆုံး ၁၈ နှစ်ထိ အသက်ရှင်နိုင်သည်။ Yel-lowfin တူနာငါးများ၏ otoliths (နားကျောက်များ) ကို လေ့လာရာတွင် ယခင်မှတ်တမ်းတင်ထားတာထက် ကြီးထွားမှုနှေးကွေးပြီး သက်တမ်းပိုရှည်သည်ကို တွေ့ရသည်။ အခြားမျိုးစိတ်များအနေဖြင့် Bullet တူနာငါးနှင့် Frigate တူနာငါးကဲ့သို့သော



သေးငယ်သော တူနာငါးမျိုးစိတ်တချို့သည် သက်တမ်းတိုတောင်းပြီး အများဆုံး ငါးနှစ်ထိသာ အသက်ရှည်ကြသည်။ Mackerel တူနာငါး (Kawa Kawa) သည် ခြောက်နှစ်ထိ အသက်ရှင်နိုင်သည်။

**ငါးကြီးဆီထုတ်လုပ်ရာတွင် အသုံးဝင်သောတူနာငါး**

ငါးကြီးဆီသည် ငါး၏တစ်ရှူး (tissue) များကနေ ထုတ်လုပ်ထားသော အဆီဖြစ်သည်။ အဆီများသည့် ငါးကနေရရှိပြီး တူနာငါး၊ မက်ကရယ် ငါးကဲ့သို့ ငါးများကနေရယူသည်။

**တူနာငါးစားဖွယ်စုံ**

တူနာငါးကို တူနာငါးဆူရှီ၊ တူနာငါးရေညှိထမင်းလိပ်၊ တူနာငါး ရေညှိထမင်းလိပ်ကြော်၊ တူနာငါး sandwich၊ တူနာငါးပေါင်မုန့်၊ တူနာငါးအသားလွှာ၊ တူနာငါးအသားလွှာအချိုကြော်၊ တူနာငါး Hotdog အပြင် တူနာငါးကို စည်သွပ်ဘူးနှင့်ထုပ်ပိုးပြီး တူနာငါးအချို၊ အစပ်၊ တူနာငါးနေကြာဆီစသဖြင့်လည်း ရောင်းချကြသည်။ ဒါ့ပြင် တူနာငါးသေတ္တာကို မုန့်ဟင်းခါးဟင်းရည်ပြုလုပ်ရာတွင် အသုံးပြုကြသည်။ ထို့မျှသာမက ခွေးစာ၊ ကြောင်စာများပြုလုပ်ရာတွင်လည်း တူနာငါးကိုအသုံးပြုပြီးအစာစို၊ အစာခြောက်များ ထုတ်လုပ်ရောင်းချကြသည်။

**တူနာငါးနှင့် ကျန်းမာရေး**

တူနာငါးက အနီရောင်အသား (red meat) အမျိုးအစားဖြစ်ပြီး ၎င်းကိုစားသုံးပါက အကျိုးကျေးဇူးများအလွန်များသည်။ ဝိတ်ချချင်သည့်သူများအတွက်လည်း အလွန်သင့်လျော်သည်။ ပင်လယ်ငါးဆိုသော်လည်း ၎င်းကိုစားသုံးပါက သွေးမတိုးစေသည့်အပြင် သွေးပေါင်ကျပြီး နှလုံးရောဂါမဖြစ်စေရန် ကာကွယ်ပေးသည်။

**တူနာငါးစားခြင်းရဲ့ကောင်းကျိုးများ**

**နှလုံးကျန်းမာခြင်း**

တူနာငါးကို တစ်ပတ်နှစ်ကြိမ်စားပေးခြင်းသည် HDL ကိုယ်လက်စထရော level ပမာဏကို တက်စေပြီး အဆီများကိုချေဖျက်ပေးသည်။ သွေးကြောများထဲတွင် Omega-6 ပမာဏကို လျော့ချပေးပြီး ကိုလက်စထရောပမာဏကို ထိန်းညှိပေးသည်။

**သွေးဖိအားကိုညှိပေးခြင်း**

တူနာငါးကို အနီရောင်ရှိသည့် အသားများအစား စားသုံးပေးနိုင်သည်။ အနီရောင်ရှိသော အသားများမှာ ဆိုဒီယမ်ဓာတ်ပါဝင်နေပြီး သွေးပေါင်ချိန်ကို တိုးစေသည်။ တူနာငါးတွင် ပိုတက်စီယမ်ဓာတ်ကြွယ်ဝသောကြောင့် သွေးတိုးကျစေသည်။

**ခုခံအားစနစ်ကောင်းခြင်း**

ဗိုက်တာမင်စီ၊ မဂ္ဂနီနဲ့ဆီလီနီယမ်ဓာတ်များသည် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကိုထိခိုက်စေသည့်အရာများကို ချေဖျက်ပေးသည်။

**မျက်လုံးအားကောင်းခြင်း**

တူနာငါးတွင်ပါသည့် Omega-3 ဓာတ်သည် မျက်လုံးအားကောင်းစေရန် တိုက်ရိုက်အကျိုးမပြုသော်လည်း မျက်လုံးကြွက်သားသန်မာခြင်းကို အထောက်အကူပြုစေသည်။

**ကြီးထွားမှုအားကောင်းခြင်း**

တူနာငါးစားခြင်းသည် ကလေးများ၏ ကြီးထွားမှုနှုန်းကို အထောက်အကူပြုပြီး ပရိုတင်းလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးသည်။

**ကိုယ်အလေးချိန်ကျခြင်း**

တူနာငါးစားခြင်းသည် ကိုယ်တွင်းအဆီများကို လောင်ကျွမ်းစေပြီး ကိုယ်အလေးချိန်ကို ကျစေသည်။

**စွမ်းအားဖြည့်ပေးခြင်း**

တူနာငါးတွင်ပါဝင်သော ဗိုက်တာမင်ဘီ-၁၂ သည် ခန္ဓာကိုယ်တွင်း အစိတ်အပိုင်းများကို ကောင်းစေပြီး ဇီဝကမ္မဖြစ်စဉ်များက ကောင်းစေသည်။

**သွေးလည်ပတ်အားကောင်းခြင်း**

သွေးလည်ပတ်မှုနည်းလျှင် သွေးကြောပိတ်တက်ပြီး ခန္ဓာကိုယ်ရောင်ရမ်းခြင်းများကိုလည်းဖြစ်စေနိုင်သည့်အတွက် တူနာငါးစားသုံးခြင်းဖြင့် သွေးလည်ပတ်မှုအားကို ကောင်းမွန်စေပြီး ထိုသို့ဖြစ်ခြင်းကို ကာကွယ်ပေးသည်။

**ကင်ဆာကိုကာကွယ်ပေးခြင်း**

တူနာငါးစားခြင်းသည် ကျောက်ကပ်နှင့်ရင်သားကင်ဆာဖြစ်ခြင်းကို လျော့ကျစေသည်။ တူနာငါးတွင်ပါသော ဆီလီနီယမ်ဓာတ်သည် ကင်ဆာဆဲလ်များ၏ ပျံ့ပွားနှုန်းကို ထိန်းချုပ်ပေးသည်။

**ကျောက်ကပ်ရောဂါဖြစ်ခြင်းကာကွယ်ပေးခြင်း**

တူနာငါးတွင်ပါဝင်သည့် ပိုတက်စီယမ်ဓာတ်နဲ့ ဆိုဒီယမ်ဓာတ်များသည် ခန္ဓာကိုယ်ရေဓာတ်ဆုံးရှုံးခြင်းမှ ကာကွယ်ပေးပြီး ကျောက်ကပ်အားကောင်းစေသည်။

**ခန္ဓာကိုယ်ရောင်ရမ်းခြင်းနဲ့ စိတ်ဖိစီးမှုကိုလျော့ပေးခြင်း**

တူနာငါးတွင်ပါဝင်သော ဗိုက်တာမင်နှင့်သတ္တုဓာတ်များသည် စိတ်ဖိစီးမှုကိုလျော့ကျစေပြီး အဆစ်အမျက်ရောင်ရမ်းခြင်းကဲ့သို့သော ရောဂါများကို ကာကွယ်ပေးသည်။

**ပြဒါးဓာတ်နဲ့ဆီလီနီယမ်ဓာတ်ပမာဏကို ထိန်းညှိပေးခြင်း**

ငါးအလွန်အကျွံစားသုံးခြင်းသည် ခန္ဓာကိုယ်တွင်းပြဒါးဓာတ်ကိုစုပုံပြီး ကျန်းမာရေးကို ထိခိုက်မှုများရှိသည်။ တူနာငါးတွင် ပါဝင်သော ဆီလီနီယမ်ဓာတ်က ထိုသို့မဖြစ်အောင် ထိန်းညှိပေးနိုင်သည်။

**အချုပ်အနေဖြင့် ဆိုရလျှင်**

တူနာငါးသည် အနီရောင်အသားရှိသော ငါးကြီးတစ်မျိုးဖြစ်ပြီး ငါးကြီးဆီထုတ်လုပ်ရာတွင်လည်း အသုံးဝင်လှသည်။ ထို့ပြင် ကျန်းမာရေးအကျိုးကျေးဇူးလည်းများပြားလာသောကြောင့် ပိုမိုစားသုံးပေးသင့်သည့် ပင်လယ်ငါးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၈)
- ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၂)
- Fish Base of Myanmar
- Inland Fisheries of Myanmar

**နှင်းအိ(ရာမည‌မြေ)**

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ပါကစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၄၅ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၆၈ ဦးရှိနေ



**အစ္စလာမ်မာဘတ် ဇူလိုင် ၁**

ပါကစ္စတန်နိုင်ငံတွင် ဇွန် ၃၀ ရက်က ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူ ၄၅ ဦးထိ ရှိလာပြီး ထိခိုက်ဒဏ်ရာရရှိသူ ၆၈ ဦးထိ ရှိနေပြီဖြစ်ကြောင်း National Disaster Management Authority (NDMA) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှု ပြဿနာဖြင့် ဆိုးရွားစွာ ရင်ဆိုင်နေရသည့် ပြည်နယ်များမှာ ခိုင်ဘာပက်ထွန်ခွာပြည်နယ်၊ ပန်ဂျပ်ပြည်နယ်နှင့် ဆင်းဟ်ပြည်နယ်တို့ဖြစ်ကြောင်း၊ သေဆုံးသူအများစုနှင့် ထိခိုက်ဒဏ်ရာရရှိသူအများစုမှာ ဇွန် ၂၆ ရက်မှ ဇွန် ၂၉ ရက်အတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့်ဖြစ်ကြောင်း၊ သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူအများအစုမှာ အရွယ်မရောက်သေးသော ကလေးငယ်များဖြစ်ကြောင်း National Disaster Management Authority (NDMA) က ထုတ်ပြန်ခဲ့သည်။

"ဒီနှစ် မိုးရာသီကာလ စတင်ကတည်းက ရေကြီးရေလျှံမှုတွေ နေရာအနှံ့မှာ ဖြစ်ပေါ်နေပါတယ်။ ခိုင်ဘာပက်ထွန်ခွာပြည်နယ်၊ ပန်ဂျပ်ပြည်နယ်နှင့် ဆင်းဟ်ပြည်နယ်တို့မှာ ရေကြီးရေလျှံမှုပြဿနာနဲ့ အဆိုးရွားဆုံးရင်ဆိုင်နေရပါတယ်။ ဇွန် ၃၀ ရက်ထိ သေဆုံးသူ ၄၅ ယောက်နဲ့ ထိခိုက်ဒဏ်ရာရရှိသူ ၆၈ ယောက်ထိ ရှိနေပြီဖြစ်ပါတယ်။ သေဆုံးသူ ၄၅ ယောက်မှာ ၂၃ ယောက်က ကလေးငယ်တွေဖြစ်ပြီးတော့ အမျိုးသား ၁၂ ယောက်နဲ့ အမျိုးသမီး ၁၀ ယောက်တို့ပဲဖြစ်ပါတယ်။ ပြည်သူတွေအန္တရာယ်ကင်းဖို့အတွက် ကယ်ဆယ်ရေးဝန်ထမ်းတွေကို အင်အားတိုးမြှင့်စေလွှတ်ထားပါတယ်"ဟု National Disaster Management Authority (NDMA)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# စပိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေ

**မက်ဒရစ် ဇူလိုင် ၁**

စပိန်နိုင်ငံတွင် ဇွန် ၂၉ ရက်က အပူလှိုင်း ဖြတ်သန်းခဲ့ပြီးနောက် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေပြီး အပူချိန်ပမာဏ ၄၆ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း စပိန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

အပူလှိုင်းသည် ဥရောပတိုက် တောင်ဘက်ပိုင်း နိုင်ငံများတွင် ဖြတ်သန်းနေခြင်းဖြစ်ပြီး အပူချိန်မြင့်တက်နေသည့် နိုင်ငံများမှာ စပိန်နိုင်ငံအပါအဝင် ပြင်သစ်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘော့စနီးယားနိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ဆာဘီးယားနိုင်ငံ၊ ဆလိုဗေးနီးယားနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့ဖြစ်ကြောင်း၊ စပိန်နိုင်ငံတွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေပြီးနောက် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့် ကျန်းမာရေးပြဿနာများဖြင့် ရင်ဆိုင်နေရပြီး အရေးပေါ်ဆေးကုသမှု ခံယူနေရသူများလည်းရှိကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး ဘာစီလိုနာမြို့တွင် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုကိုထိခိုက်စေပြီး အပူချိန်မြင့်တက်နေသည့် ကာလအတွင်း လိုက်နာ ဆောင်ရွက်သွားရမည့် ညွှန်ကြားချက်များကို စပိန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏဟာ ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်ဆက်လက်မြင့်တက်သွားနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ တောမီးအန္တရာယ်တွေလဲ ဖြစ်ပေါ်လာနိုင်တယ်။ အပူချိန်မြင့်တက်မှုဟာ စပိန်နိုင်ငံတစ်နိုင်ငံတည်းမဟုတ်ဘဲ ဥရောပတောင်ဘက်ပိုင်း နိုင်ငံတော်တော်များများမှာဖြစ်ပေါ်နေပါတယ်"ဟု စပိန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# တူကီယဲနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၅၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

**အင်ကာရာ ဇူလိုင် ၁**



တူကီယဲနိုင်ငံတွင် အပူလှိုင်းကျရောက်ပြီး တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၅၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇွန် ၃၀ ရက်က စတင်လောင်ကျွမ်းခဲ့သည့်တောမီးသည် ပြင်းထန်သည့်အတွက် တူကီယဲနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ မီးသတ်အဖွဲ့များပူးပေါင်းကာ တောမီးကို ငြိမ်းသတ်ခဲ့ရပြီး ယနေ့တွင် လူပေါင်း ၅၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ထို့ပြင် တောမီးလောင်ကျွမ်းမှုမှထွက်လာသော မီးခိုးနှင့် ပြာများကြောင့် ကျန်းမာရေးသတိပေးချက်ထုတ်ပြန်ခဲ့ရပြီး လာမည့် ရက်များတွင် အပူချိန်သည် ပုံမှန်ဇွန်၊ ဇူလိုင်၊ ဩဂုတ်လအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၁၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်သောကြောင့် တောမီးသတိပေးချက် ထုတ်ပြန်ထားကြောင်း Samantha Burgess မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံ အနောက်ပိုင်း Izmir ပြည်နယ်၌လည်း ယနေ့တွင် တောမီး လောင်ကျွမ်းခဲ့ကြောင်း၊ Izmir ပြည်နယ်မှ လူဦးရေ ၄၂၀၀၀ ကျော်အပါအဝင် အခြားတောမီးသင့်ဒေသငါးခုမှ လူများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး ယနေ့လောင်ကျွမ်းခဲ့သည့်တောမီးကြောင့် သစ်တောဟက်တာ ၄၀၀ ပျက်စီးခဲ့ကြောင်း သစ်တောရေးရာဝန်ကြီး အီဘရာဟင်မ်ယူမာကာလီက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : KZ**

# ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် မိုးသက်လေပြင်းများ ကျရောက်နေသဖြင့် ပြည်တွင်းလေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရ

**ကင်ဘာရာ ဇူလိုင် ၁**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် ဆစ်ဒနီမြို့ရှိ ပြည်တွင်းလေကြောင်းခရီးစဉ် အများအပြားကို ယနေ့တွင် ဖျက်သိမ်းခဲ့ရကြောင်း ဩစတြေးလျ မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

အင်အားပြင်း လေဖိအားနည်းရပ်ဝန်းကြောင့် ဩစတြေးလျနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၏ အရှေ့တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုများ ဖြစ်ပေါ်ကာ ရုတ်တရက် ရေကြီးနိုင်ကြောင်း၊ ထို့ကြောင့် ရေကြီးမှုနှင့်ပတ်သက်ပြီး သတိပေးချက်ထုတ်ပြန်ထားကြောင်း ဩစတြေးလျမိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ဆစ်ဒနီမြို့ရှိ Qantas Airways (QAN.AX) လေကြောင်းလိုင်းသည် ဆစ်ဒနီနှင့် ဗားဂျင်းကျွန်းပြေးဆွဲနေသော ခရီးစဉ် ၁၁ ခုကို ဖျက်သိမ်းခဲ့ပြီး Australia (VGN.AX) လေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ် ၁၂ ခုကို ဖျက်သိမ်းခဲ့ကြောင်း၊ ပြည်တွင်းလေကြောင်းခရီးစဉ်များကိုသာ ဖျက်သိမ်းခြင်းဖြစ်ပြီး နိုင်ငံတကာလေကြောင်းလိုင်းများကိုမူ ပြေးဆွဲလျက်ရှိကြောင်း၊ ယနေ့တွင် ဆစ်ဒနီကမ်းရိုးတန်းဒေသများတွင် တိုက်ခတ်နေသောလေသည် တစ်နာရီလျှင် ၇၈ မိုင်နှုန်းရှိသဖြင့် အတော်လေးပြင်းထန်ကာ လက်ရှိအချိန်ထိ မိုးရေချိန်လက်မ ၄ ဒသမ ၇ လက်မထိ ရှိကြောင်း ဩစတြေးလျ မိုးလေဝသဌာနမှ တာဝန်ရှိသူ ဂါဘရီရယ်ဝ့ဒ်ဟောက်က ပြောကြားခဲ့သည်။

လက်ရှိတွင် ရေကြီးမှုဖြစ်ပေါ်နိုင်သဖြင့် သတိပေးချက်ထုတ်ထားပြီး ဇူလိုင် ၂ ရက်တွင် မိုးသက်လေပြင်း ကျရောက်မှုများသည် တက်စ်မန်ပင်လယ်သို့ ရွှေ့လျားသွားပြီး ဇူလိုင် ၃ ရက်တွင် ရာသီဥတုအခြေအနေ ကောင်းမွန်လာနိုင်ကြောင်း၊ ရေကြီးမှုဖြစ်ပေါ်ပါက ပြည်နယ်အရေးပေါ်ဝန်ဆောင်မှုများဆောင်ရွက်ရန် စေတနာ့ဝန်ထမ်း ၁၀၀၀ ကျော်ကို ဖြန့်ခွဲပေးထားကြောင်း ပြည်နယ်အာဏာပိုင်များထံမှ သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# International Business Forum တွင် ကိုယ်ပိုင်ဂျက်လေယာဉ်များကို ကာဗွန်အခွန်ကောက်ခံမည့်အစီအစဉ်ကို နိုင်ငံတချို့က သဘောတူညီခဲ့

**မက်ဒရစ် ဇူလိုင် ၁**

စပိန်နိုင်ငံ ဆီဗီလာမြို့တွင် ဇွန် ၃၀ ရက်က ကျင်းပခဲ့သော International Business Forum တွင် ကိုယ်ပိုင်ဂျက်လေယာဉ်များကို ကာဗွန်အခွန်ကောက်ခံသွားမည့်အစီအစဉ်ကို နိုင်ငံတချို့က သဘောတူညီခဲ့ကြကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် ကာဗွန်သုညမှတ်ရောက်ရှိရေးအတွက် ကုန်းကြောင်းပိုင်းကို သာဦးစားပေးဆောင်ရွက်နေသော်လည်း ရေကြောင်းနှင့်လေကြောင်းတို့၌ပါ ဆောင်ရွက်ရန်လိုအပ်နေသည့်အတွက် လေကြောင်းမှ ကာဗွန်ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ရေးအတွက် ကာဗွန်အခွန်ကောက်ခံသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကနဦးသဘောတူညီချက်ရရှိထားသည့် နိုင်ငံများမှာ စပိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ကင်ညာနိုင်ငံနှင့် ဘာဘာဒို့စ်နိုင်ငံတို့က လည်းသဘောတူညီခဲ့ကြကြောင်း၊ အဆိုပါသဘောတူညီချက်ကို စပိန်နိုင်ငံက ပထမဆုံးသဘောတူညီခဲ့ခြင်းဖြစ်ပြီး လေကြောင်းမှ ကာဗွန်ထုတ်လွှတ်မှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန် အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


"ကာဗွန် သုညမှတ်ရောက်ရှိရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့အတွက် ကမ္ဘာ့နိုင်ငံအားလုံး စည်းလုံးညီညွတ်ဖို့လိုအပ်ပါတယ်။ လေကြောင်းကနေလဲ ကာဗွန်တွေထုတ်လွှတ်နေတာကို ထိန်းချုပ်နိုင်ဖို့အတွက် ကိုယ်ပိုင်ဂျက်လေယာဉ်တွေကို ပရီမီယံအခွန်ကောက်ခံဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ နိုင်ငံတချို့ကလဲ ကျွန်တော်တို့နဲ့အတူ သဘောတူညီခဲ့ကြပါတယ်"ဟု စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

ဝတ္ထုတိုကဏ္ဍ

# ချမ်းသာခြင်းဟုဆိုရာဝယ်

နန်းမိုမိုဦး (တောင်ငူ)



(၁)

တပေါင်းလ၏နေသည် နွေသရုပ်ကို အပူထုတ်ကာပြနေသည်။ ရိုးတံကျဲသစ်ပင်ကြီး၊ သစ်ပင်ငယ်များဆီမှ ပုစဉ်းရင်ကွဲကောင်များ၏ အော်သံများက တကျီကျီ။ သွပ်မိုးအိမ်ကလေး ဖြစ်သောကြောင့် အိမ်ထဲတွင် နေပူ ရှိန်က တငွေ့ငွေ့ဖြင့် လုံးထွေးသည်ဟုထင်ရ၏။ အိမ်ထဲတွင် ပူအိုက်လွန်း၍ ဒေါ်ခင်သက်ဝေ နေမထိထိုင်မသာ ဖြစ်နေရသည်။

ဒေါ်ခင်သက်ဝေနေချင်သည်မှာ ဤသို့မဟုတ်။ ကိုယ့်အိမ်ကလေးနှင့်ကိုယ်သာ နေချင်သော်လည်း ခင်ပွန်းဖြစ်သူက အစိုးရဝန်ထမ်းဖြစ်နေ၍သာ တာဝန်ကျရာနေရာ၌ လိုက်နေ နေရသည်။

တစ်ခါတစ်ရံများတွင် ဒေါ်ခင်သက်ဝေသည် ခင်ပွန်းဖြစ်သူ ကျောင်းဆရာဦးကျော်ခေါင်၏ အလုပ်ကို ငြီးငွေ့စကားဆိုတတ်သေး၏။

"ကိုကျော်ခေါင်ရယ် ကျွန်မလေ ကိုယ့်အိမ်မှာပဲ ကိုယ်နေချင်တယ်ရှင်။ ဒီလိုရွှေ့ပြောင်းနေရတာကြီး ကိုသဘောမကျဘူး"

"ခင်ကလဲကွာ ကို့ရဲ့အလုပ်ကဒီလိုပဲ တာဝန်ကျရာနေရတာ ခင်လဲသိရဲ့သားနဲ့။ ခင်မနေချင်လို့ ဘယ်လိုဖြစ်မလဲခင်ရဲ့ ကိုတို့မှာရှိတာမှ ကိုရယ်၊ ခင်ရယ်ပဲရှိတာလေ။ သားသမီးဆိုတာလဲ မရှိသေးဘူး။ ကိုယ်တို့တွေ ကလေးရပြီးရင် ဘယ်မှာပဲနေရ၊ နေရ ခင်နေပျော်သွားမှာပါ။ ကိုယ်ကလဲ ဒီအလုပ်ကို တအားဝါသနာပါလို့ ဒီအလုပ်ပဲ ရွေးခဲ့တာလေ။ ဒါ ကိုကိုတို့မညားခင်ကတည်းက ခင်လဲသိရဲ့သားနဲ့။ ကိုတို့မှာလဲ ဆင်းရဲမနေပါဘူးခင်ရယ်။ ခင့်ကို သူများတွေထက်မသာရင်တောင် သူများထက်မနိမ့်အောင်ကို ထားထားတာပဲလေ"

" ဒါတော့ ဒါပေါ့ရှင်။ ဒါပေမဲ့ ကျွန်မလိုချင်တဲ့ဘဝလေးကလေ စိတ်ချမ်းသာပြီး ပျော်ရွှင်စရာကောင်းတဲ့၊ အေးချမ်းတဲ့ဘဝမျိုးလေးပဲရှင့်"

အိမ်ထောင်သက်ကြာပြီဖြစ်သော်လည်း သားသမီးမထွန်းကားသည့် ဒေါ်ခင်သက်ဝေမှာ ကိုကျော်ခေါင်အလုပ်သွားသည့်ရက်များတွင် အိမ်ထဲ၌ တစ်ယောက်တည်းနေရသည်မှာ အထီးကျန်လှသည်ဟု ခံစားမိ၏။ ထိုသို့သောအချိန်များတွင် မိမိ၏ဘဝကိုကျေနပ်မှုမရှိ။ အားငယ်စိတ်၊ အထီးကျန်စိတ်များက ဝင်ဝင်လာတတ်သေးသည်။ အဆိုးဆုံးအချိန်မှာ မျက်စောင်းထိုးအိမ်မှ မိသားစုကိုကြည့်ကာ အားကျနေရသည့်အချိန်ပင်။ အဘယ်ကြောင့်ဆိုသော် ဒေါ်ခင်သက်ဝေ၏ဘဝနှင့် ထိုမိသားစု၏ဘဝသည် ကွာခြားချက်များရှိနေ၍ဖြစ်၏။

(၂)

အင်ဖက်မိုးတဲအိမ်ကလေးဆီမှ အနံ့တစ်ခုကို ဒေါ်ခင်သက်ဝေရှူရှိုက်မိလိုက်သည်နှင့် နွေခေါင်ခေါင်ရင်ထဲအေးမြသွားသည်ဟု ခံစားမိလိုက်သည်။ အနံ့လာရာကိုဦးတည်၍ ကြည့်လိုက်သောအခါ မျက်စောင်းထိုးတဲအိမ်ကလေးမှ ကလေးမလေးက တဲအိမ်ရှေ့၏ မြေတလင်းငယ်ပေါ်သို့ ရေများဖျန်းနေသည်ကိုတွေ့ရ၏။

ဒေါ်ခင်သက်ဝေလည်း ပျံ့ပျံ့သင်းနေသည့် မြေသင်းနံ့ကို အားပါးတရရှူရှိုက်ကာ ထိုတဲအိမ်ကလေးသို့ အိမ်လည်ထွက်ရန် ပြင်တော့သည်။ တဲအိမ်ကလေးသို့ရောက်သည်နှင့် ရေဖျန်းနေသောကလေးမလေးက မဆိုင်းမတွ နှုတ်ဆက်စကားဆိုလေ၏။

"အန်တီသက်ပါလား။ အိမ်လည်လာတာလား။ လာအန်တီသက် အထဲကိုလာလေ"

ကျောင်းဆရာဇနီးဖြစ်၍ ခင်ပွန်း၏ဂုဏ်ကြောင့် ဒေါ်ခင်သက်ဝေမှာ သွားလေရာတွင် လူတကာ၏ လေးစားစွာဆက်ဆံခြင်းကို ခံရလေသည်။

"သမီးတို့အိမ်လေးက နွေခေါင်ခေါင်တောင် အေးတယ်နော်။ အန်တီတို့အိမ်နဲ့များ ကွာလိုက်တာကွယ်။ သွပ်မိုးထားလို့ထင်ပါရဲ့။ နေ့ဘက်ဆိုအိမ်ထဲတောင်မနေနိုင်ပါဘူးကွယ်"

"အေးမှာပေါ့အန်တီရဲ့ သမီးကဒီနေရာကိုနေ့တိုင်း ရေဖျန်းပေးတာလေ။ ပြီးတော့ ခြံထဲမှာလဲ သစ်ပင်ကြီးတွေက အရိပ်ကောင်းတာကိုး"

"အင်း ဟုတ်တယ်နော်"

ပြောရင်းနှင့် ဒေါ်ခင်သက်ဝေ တဲအိမ်ကလေးအတွင်းကို ဝေ့ဝဲအကဲခတ်ကြည့်မိသည်။

စောင်ပုခတ်ထဲတွင် အိပ်နေသောလသားအရွယ်ကလေးငယ်ကိုတွေ့၏။ အိမ်အပြင်ဘက်သို့ ကြည့်မိပြန်သော် အကောင်ကြီး၊ အကောင်ငယ်စုံလျက်ကြက်တစ်အုပ်၊ ဖိနပ်ချွတ်ခုံနားတွင် အိပ်နေသောခွေးနှစ်ကောင်၊ ခြေသုတ်ဝတ်ပေါ်တွင် ကြောင်မကြီးတစ်ကောင်နှင့် နို့စို့နေသည့် ကြောင်တစ်သိုက်တို့ကိုတွေ့ရသည်။

ထိုအရာများကိုကြည့်ကာ ဒေါ်ခင်သက်ဝေသည် နဂိုကတည်းကမှ ကျေနပ်အားရမှုမရှိသည့် မိမိ၏ဘဝနှင့် ထိုမိသားစု၏ဘဝကို အချက်တစ်ချက်ချင်းစီလိုက်၍ နှိုင်းယှဉ်မိပြန်သည်။

"ဩော်...သူတို့က ပိုက်ဆံသာမချမ်းသာတယ် သူတို့မှာ သားသမီးနှစ်ယောက်ရှိတယ်။တစ်သက်လုံးအိုးမကွာ၊ အိမ်မကွာလဲ နေနိုင်တယ်။ မပျင်းရအောင်လို့လဲ ကြက်တွေအများကြီးအဖော်ရှိတယ်။ ခြံလုံခြုံဖို့အတွက်လဲ စောင့်ပေးမဲ့ခွေးက နှစ်ကောင်၊ ထမင်းကျန်၊ ဟင်းကျန်တွေကိုလဲ အမှိုက်ပုံးထဲပစ်စရာမလိုဘူး။ ကျွေးလို့ရမဲ့ ဝက်တွေလဲရှိတယ်။ ကြွက်သောင်းကျန်းရင်လဲ မပူရဘူး။ ကြောင်မိသားစုက ရှိနေတယ်။ ဟော ခြံထဲမှာဆိုလဲ စိုက်ထားတာမှ စုံနေတာပဲ။ ရေဆိုလဲ တွင်းလိုက်ကြီးကိုပိုင်တာ ကြိုက်သလောက်သုံးပဲ။ ငါတို့နေနေတဲ့ အိမ်မှာတော့ ရေတွင်းလဲမရှိ။ ဘေးခြံကနေ ခပ်သုံးရတာ။ သူတို့ပိုင်ဆိုင်တာက အများကြီးပါလား"

ဒေါ်ခင်သက်ဝေ အတွေးကောင်းနေစဉ် ကလေးမလေးအမေက လက်ဖက်ရည်ကြမ်းအိုးနှင့် လက်ဖက်ရည်ခွက်ကိုယူလာကာ ဒေါ်ခင်သက်ဝေရှေ့တွင် ချပေးလေသည်။

"ကျွန်မ ဝက်စာသွားကျွေးနေတာ အစ်မရေ။ အစ်မလာတယ်ဆိုလို့ ထွက်လာတာ။ ရေနွေးကြမ်းလေးသောက်ပါအုံး အစ်မ။ အစ်မလဲ ဆရာကကျောင်းသွားနေရတော့ အိမ်မှာတစ်ယောက်ထဲပျင်းနေမှာပေါ့"

" အင်း ပျင်းတာပေါ့ကွယ်။ အစ်မတို့မှာအဖော်ဆိုလို့လင်ရယ်၊ မယားရယ်ပဲရှိတာ သားသမီးကလဲမရှိ။ ကလေးသာရှိရင်တော့ ဘယ်ပျင်းတော့မလဲနော်"

ဒေါ်ခင်သက်ဝေက ပြောရင်းနှင့်ရေနွေးကြမ်းကို ငုံ့သောက်လိုက်၏။ ထိုအခါ ကလေးငယ်ရှိသည့် တဲအိမ်ရှင်က ကလေးမထွန်းကားသည့်ဒေါ်ခင်သက်ဝေကို အားတုံ့အားနာဖြစ်သွားသည်။

"ဩော်... အစ်မရယ် အစ်မပျင်းရင်လေ ကျွန်မကလေးကိုလာထိန်းလို့ရပါတယ်။ ကျွန်မတို့ကတော့ ကလေးထိန်းပေးမဲ့လူရှိလေ ပိုကြိုက်လေပဲ။ ကိုယ်လုပ်ချင်တာလေးတွေ လုပ်လို့ရတာကိုး"

"ညီမတို့အိမ်နဲ့ မိသားစုကလေးကိုကြည့်ရတာလေ အစ်မဖြင့် ကြည်နူးလိုက်တာ"

ထိုအခါ တဲအိမ်ရှင်ကပြုံးလိုက်ရင်းဆိုသည်။

"ဒါကလဲ ကျွန်မတို့ရဲ့ဘဝပေးအခြေအနေပေါ့အစ်မရယ်။ ကျွန်မတို့ပိုက်ဆံမချမ်းသာပါဘူး။ ဒါပေမဲ့ စိတ်ကို ချမ်းသာအောင်နေတယ်။ အကြွေးလဲမယူဘူး။ အကြွေးကင်းအောင်နေတယ်။ အကြွေးမရှိရင် လူဟာသူဌေးပဲအစ်မရဲ့"

"အင်း ဟုတ်ပေသားပဲနော်"

ထိုစကားကို ဒေါ်ခင်သက်ဝေ ခေါင်းတညိတ်ညိတ်ဖြင့်ပြုံးကာ ထောက်ခံလိုက်၏။ ထိုမိသားစုလေးသည် စိတ်ချမ်းသာမှုများကို ထပ်မံပိုင်ဆိုင်ထားပြန်ပါပြီပကောဟုတွေးကာ အားကျရပြန်သေးသည်။

(၃)

" ခင်ရေ ကိုယ့်ဘောပင်အနီလေးတွေ့မိသေးလား။ ဒီမှာ ကိုယ်ရှာနေတာမတွေ့လို့"

ကိုကျော်ခေါင်ခေါ်နေသော်လည်း ဒေါ်ခင်သက်ဝေမှာ ကြားဟန်မတူ။ အိမ်ရှေ့တံခါးပေါက်တွင်ထိုင်ကာ မျက်စောင်းထိုးရှိတဲအိမ်ကို ငေးနေလျက်။

"ခင်ရေ ခင် ခင်"

ကိုကျော်ခေါင်ထပ်၍ခေါ်မှသာ ဒေါ်ခင်သက်ဝေငေးနေရာမှ ရုတ်တရက် ထူးလိုက်သည်။

" ရှင်"

"ဒီခုံပေါ်က ဘောပင်အနီလေးတွေ့မိသေးလားလို့"

"ဩော်... ဟုတ်သားပဲ။ မနေ့က ကျွန်မဈေးဝယ်စာရင်းမှတ်ပြီး ပြန်ထားဖို့မေ့သွားတာ"

ပြောပြောဆိုဆိုနှင့် ဒေါ်ခင်သက်ဝေက ဈေးခြင်းတောင်းထဲမှဘောပင်ကိုထုတ်ယူလာကာ ကိုကျော်ခေါင်၏ဘေးနားသို့ ကလေးတစ်ယောက်သဖွယ်ကပ်၍ ချွဲနွဲ့စွာစကားဆိုသည်။

"ကိုကျော်ခေါင် ကျွန်မလေ ဟိုတဲအိမ်လေးက မိသားစုကို အားကျလိုက်တာရှင်။ သူတို့ဘဝကလေ ပိုက်ဆံသာမချမ်းသာတာ စိတ်ချမ်းသာနေကြတာပဲ။ သူတို့ကိုကြည့်ပြီး သူတို့လိုလေးနေချင်လိုက်တာ"

စကားဆုံးလျှင်ပဲ ဒေါ်ခင်သက်ဝေက ကိုကျော်ခေါင်၏လက်မောင်းကို ဖက်တွယ်ကာ နွဲ့လေတော့သည်။

ကိုကျော်ခေါင်မှာတော့ ဤစကားမျိုးကြားရသည်မှာ အထူးအဆန်းမဟုတ်တော့သဖြင့် အထူးတလည်ပြောမနေတော့ပေ။

"ကဲ ခင်ရေ ကျောင်းတက်ချိန် နီးနေပြီ ချွဲနေတာတွေရပ်အုံး"

ဒေါ်ခင်သက်ဝေ၏ သိုင်းဖက်ထားသည့်လက်ကို ကိုကျော်ခေါင်က အသာအယာဖယ်လိုက်ကာဆိုသည်။

နှုတ်ခမ်းကလေးစူပြီးကျန်ခဲ့သူမှာ ဒေါ်ခင်သက်ဝေပင်ဖြစ်သည်။

(၄)

"အစ်မရေ အစ်မ "

အိမ်ရှေ့ကခေါ်သံကြားရ၍ ဒေါ်ခင်သက်ဝေ အဝတ်ခေါက်နေရာမှထလာသည်။ ဩော် ညီမကိုး။ လာလေ အိမ်ပေါ်တက်ပါအုံး"

"မတက်တော့ပါဘူးအစ်မရယ်။ ကျွန်မ အစ်မကို အကူအညီလေးတောင်းချင်လို့"

"ဘာများလဲ ညီမရဲ့"

"ကျွန်မတို့လင်မယား ဟိုဘက်ရွာကယောက္ခမဆီသွားလည်မလို့ သမီးကြီးကောပါမှာ။ အဲတာ ကျွန်မတို့အိမ်ဘက်ကိုအသံလေးဘာလေး နားထောင်ကြည့်ပေးထားပါအုံးနော်။ ကျွန်မတို့က ညနေမှပြန်လာမှာဆိုတော့ ဟိုလေ တစ်လက်စထဲနဲ့ ဝက်စာပါ ကျွေးပေးထားလို့ရမလားဟင် အစ်မ"

အိမ်နီးချင်းကတောင်းသည့် အကူအညီဖြစ်သဖြင့် ဒေါ်ခင်သက်ဝေ မငြင်းပေ။ ဒေါ်ခင်သက်ဝေကိုယ်တိုင်ကလည်း ထိုအိမ်ကလေးကို သဘောကျနေသည် မဟုတ်ပါလား။

"အင်း ရတယ် ညီမ။ အစ်မကျွေးပေးထားမယ်။ ကျွေးရမဲ့ အစာကိုတော့ အစ်မ မလုပ်တတ်လို့ ညီမကပဲ အသင့်လုပ်ပေးခဲ့ပြီး ကျွေးရမဲ့အချိန်ပဲ ပြောခဲ့ပေါ့"

"ဟုတ်ကဲ့ အစ်မ။ ဝက်စာက ဒီမနက်စာကိုတော့ ကျွန်မကျွေးခဲ့ပြီ။ နေ့လယ်တစ်နာရီထိုးရင် နေ့လယ်စာတစ်နပ်နဲ့ ညနေငါးနာရီထိုးရင် ညနေစာတစ်နပ်။ အစာကတော့ ကော်ရေပုံးနှစ်ပုံးနဲ့ ကျွန်မဖျော်ထားခဲ့တယ်။ ကြက်တွေကတော့ ထွေထွေထူးထူးကျွေးဖို့တော့မလိုပါဘူး။ အိမ်အောက်မှာ ဆန်ကွဲပုံးရှိတယ်။ အဲတာ ပတ်ချပေးလိုက်ရုံပဲ"

"ခွေးနှစ်ကောင်ကကော"

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၄၆၃ ဧကစိုက်ပျိုးပြီးစီး



**ရေဦး ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၄၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၃၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၄၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်းဧက ၂၈၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက် ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**အောင်လံ ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာကို စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် အောင်လံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် မြို့နယ်ဦးစီးမှူးတို့က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေနံကြီးကျေးရွာအုပ်စု ကန်နှစ်ဆင့်ကျေးရွာနှင့် တောင်နံ့သာအုပ်စု ဘို့လည်(မြစ်နား)ကျေးရွာအတွက် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ စီကို ကျေးရွာကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ အောင်လံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်၊ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းကျေးရွာမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**

➤ စာမျက်နှာ ၂၄ မှအဆက်

" သူတို့နှစ်ကောင်အတွက်က ထမင်းအိုးထဲမှာ ထမင်းချန်ခဲ့တယ်။ ဒယ်အိုးထဲက ဟင်းအနှစ်ကျန်တာလေးနဲ့နယ်ပြီး နေ့လယ်ကျရင် ကျွေးပေးပါနော် အစ်မ"

" ဒါနဲ့ ကြောင်သားအမိတွေရှိသေးတယ်လေ"

ထိုအခါ တဲအိမ်ရှင်အမျိုးသမီးက အားနာသွားဟန်တူ၏။

"အို အားနာလိုက်တာ အစ်မရယ်။ သူတို့ကိုလဲ ထမင်းနဲ့ ဟင်းအနှစ်နဲ့ပဲ ကျွေးလိုက်ပါနော် "

"ရပါတယ်ညီမရယ်။ ဘာအားနာစရာရှိလဲ အိမ်နီးနားချင်းတွေပဲလေ ဒီလောက်တော့ကူညီရမှာပေါ့"

အားတုံ့အားနာဖြစ်နေသည့် တဲအိမ်ရှင်ကို ဒေါ်ခင်သက်ဝေက အလိုက်တသိပင် အားနာစရာမလိုကြောင်းပြုံးကာပြောသည်။

(၅)

ဒေါ်ခင်သက်ဝေတစ်ယောက် အကျေနပ်ကြီး ကျေနပ်နေသည်။

"ဟောဒါက ငှါဝက်တွေသာ ဖြစ်လိုက်ပါတော့လား။ ဟောဒါက ငှါကြက်တွေ၊ ဟောဒါက ငှါခွေး။ ဟောဒါက ငှါကြောင်။ ဟောဟိုသီးပင်၊ စားပင်တွေက ငါစိုက်ထားတာ"

ဒေါ်ခင်သက်ဝေ ဝက်စာကျွေးနေရင်းက စိတ်ကူးယဉ်နေပါပြီကော။ စိတ်ကူးယဉ်နေချိန် ကြက်တစ်အုပ်က ဝက်စာခွက်ကို လာ၍နှိုက်သောကြောင့် ကြက်ကိုခြောက်ရလေ၏။

"ရှီး ရှီး"

လူယဉ်ပါးနေသည့်ကြက်တစ်အုပ်က တုပ်တုပ်မျှမလှုပ်။ နံဘေးတွင်လဲ ခွေးနှစ်ကောင်က ဝက်စားပြီးအကျန်ကို ထိုင်မျှော်နေလျက်သား။ ဒေါ်ခင်သက်ဝေပျင်း၍ ပျင်းရမှန်းမသိတော့ဘဲ တိရစ္ဆာန်တစ်သိုက်ကြား ပျော်နေလေသည်။ ဤနေ့သည် ဒေါ်ခင်သက်ဝေအတွက် အထီးကျန်သည့်နေ့မဟုတ်မှန်း ကိုယ်တိုင်ခံစားမိသည်။

တစ်ရက်တာဆိုသော်ငြား ထိုစိတ်ချမ်းသာမှုမျိုးကို ဒေါ်ခင်သက်ဝေ အလွန်နှစ်သက်မက်မောသည်။

ကိုကျော်ခေါင် ပြန်ရောက်လျှင် "ကိုကျော်ခေါင်ရယ် ကျွန်မလေ" ဟု အစချီကာ ပြောတော့မည်မှာလည်း မလွဲမသွေပင်ဖြစ်ပါတော့သည်။

## မေမြန်မာအလှ ဂုဏ်ပြုကြ

\- မြန်မာအမျိုးသမီးများ
စွမ်းပကားဂုဏ်ရည်၊
ကောင်းမြတ်သည်သာမက
ထူးလှဝင့်ထည်၊
ကမ္ဘာ့နိုင်ငံအလီလီ
တည်ရှိသည့် ဋ္ဌတ္တိယများ၊
တုမယှဉ်သာအောင်ပင်
အလှတွင် အယဉ်ဆင့်
အသွင်တင့် သာလွန်မှုတွေ
ဂုဏ်ပြုစို့လား။

\- နိုင်ငံရေးစီးပွားရေး
လူမှုရေးမကျန်ပါ၊
နယ်ပယ်ကဏ္ဍာရုံးဌာန
စုံလှစွာမှာ၊
မေမြန်မာတို့ ပါဝင်ကာ
ဝန်တာသယ်ပိုးဆောင်ရွက်၊
ခေတ်အဆက်ဆက်တက်တက်ကြွ
စွမ်းပြမပျက်။

\- ဘာသာတရားအဆုံးအမ
ကိုင်းရှိုင်းကြ၍ဘဝမှာ၊
လောကုတ် လောကီနှစ်ဖြာအကျိုး
ရှယ်ကိုးလျက်သာ၊
စိတ်သန္တာန်ဖြူစင်စွာ
ထားရှိကာကုသိုလ်ရေး၊
တွေးဆရှင်သန်ရပ်တည်မှု
ပြုကြသည်လေး။

\- မြန်မာတို့ ရိုးရာဓလေ့
ပျော်မွေ့ကာ မြတ်နိုးသည်၊
အမြင်တင့်အောင် ပြင်ဆင်မှု
ပြုကာအတည်၊
ခံ့ညား၍ ယဉ်စေရည်
ရိုးရာမသွေဖည်အဝတ်အစား၊
လုံခြုံစွာရှိစေရေးအတွက်
ရွေးချယ်ဝတ်စား။

\- သားကိုသခင် လင်ကိုဘုရား
ဆိုစကားပမာသွင်၊
မေမြန်မာတို့ နှလုံးသားမှ
ချစ်အားရေလျှဉ်၊
တစ်သက်တာလုံး တသွင်သွင်
မပြတ်အောင်ပင် စီးဆင်းပေး၊
အိမ်သာယာလှပမှု
ရှေးရှုသည်လေး။ ။

**အင်ကြင်းသူ(နေပြည်တော်)**

**ဇူလိုင် (၃) ရက် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကဗျာ**

# ဆင်းရဲချမ်းသာ ကွာဟ

ဗညားကျန်းထော

**ယမန်နေ့မှအဆက်**

မင်းဟာ ပါရမီထူးတစ်ခုခုနဲ့ မွေးလာတဲ့ ကံကောင်းသူဖြစ်ချင်ဖြစ်မယ်။ ဘောလုံးမှာ ပါရမီပါတယ်ဆိုပါစို့။ မင်းငွေအများကြီး ရှာနိုင်မှာပေ့ါ။ အများနဲ့မတူတဲ့ ပါရမီရှိသူဟာ အများတကာထက်တော့ ချမ်းသာတာပါပဲ။ ဒါပေမဲ့ အာဖရိကမှာ မင်းနေရင်တော့ ပါရမီရှိသော်မှ အဲဒီပါရမီကို ရင့်သန်အောင် ပြုစုပျိုးထောင်ဖို့ အခွင့်အရေးရမှာမဟုတ်ဘူး။ ဘောလုံးမှာအလွန်တော်တဲ့သူ သင်္ချာမှာ အလွန်ထူးချွန်သူဖြစ်တောင်မှ ဆင်းရဲနေအုံးမှာပဲ။ ဘယ်သူကမှ မင်းရဲ့ပါရမီကို သတိထားမိမှာ မဟုတ်လို့ပေ့ါ။

ကံကောင်းတာ နောက်တစ်မျိုးလဲ ရှိသေးတယ်။ ပညာကောင်းကောင်းသင်နိုင်ပြီး ကိုယ့်ရဲ့အထုံ ပါရမီကို ပျိုးထောင်နိုင်တဲ့ အခွင့်အရေးရခြင်းပဲ။ မင်းအနေနဲ့ ကျောင်းမသွားဘဲ တခြားတစ်ခုခုကို လုပ်ဖို့ စိတ်ထက်သန်နေကောင်းနေမယ်။ မိဘက ကျောင်းဆိုတာ တကယ်အရေးကြီးတာကွလို့ ပြောပေမဲ့ မင်းယုံချင်မှ ယုံလိမ့်မယ်။ ဒါပေမဲ့ မိဘတွေ မှန်သကွ။ အမေရိက ဒါမှမဟုတ် အင်္ဂလန်မှာ ကျောင်းသွားတက်ခွင့်ရတာ တကယ့်အခွင့်ကောင်းကွ။ အဲဒီအရပ်တွေက ပညာရေးဟာ တခြားနိုင်ငံအများစုက ပညာရေးထက် ပိုကောင်းတာကိုး၊ ပညာကောင်းကောင်းသင်ရတဲ့လူတွေက ပိုက်ဆံပိုရှာနိုင်ပြီး ပိုချမ်းသာတယ်။ မင်းဘဝရဲ့ အချိန်တစ်ခုမှာတော့ ကံချည်းမဟုတ်တော့ဘူး။ မင်းကိုယ်တိုင်က မင်းဘဝအခြေအနေကို ဖန်တီးနိုင်တဲ့သူ ဖြစ်သွားပြီ။ ဝင်ငွေနည်းတဲ့အလုပ်၊ များတဲ့အလုပ်ကို မင်းပဲ ရွေးတော့မှာမဟုတ်လား။

ဝင်ငွေရပေါက်ရလမ်းသုံးမျိုးရှိတယ်။ ပထမဦးဆုံးနဲ့အရေးအကြီးဆုံး ဝင်ငွေရပေါက်ရလမ်းက ကိုယ့်ရဲ့ အလုပ်လုပ်နိုင်စွမ်းကို ရောင်းတာပဲ။ မော်တော်ကားပြင်တဲ့ မက္ကင်းနစ်၊ ဆရာဝန်၊ ပါမောက္ခ သူတို့အားလုံး သူတို့လုပ်တဲ့ အလုပ်အတွက် ငွေရတယ်။ လူအများစုက ဒီနည်းအားဖြင့် ဝင်ငွေရတာပဲ။ ဝင်ငွေ အနည်းအများပေါ်မှာတော့ ချမ်းသာတယ်၊ မချမ်းသာဘူး ကွဲသွားတာပေ့ါ။

ဒုတိယ ငွေရလမ်းကတော့ ထုတ်လုပ်နိုင်စွမ်းရှိတဲ့ ပစ္စည်းတစ်စုံတစ်ရာကို ပိုင်ဆိုင်ထားခြင်းပဲ။ မင်းမှာ ထရပ်ကားတစ်စီးပိုင်တယ်ဆိုပါစို့။ အိမ်ဆောက်နေတဲ့ ကန်ထရိုက်တာကို မင်းရဲ့ ထရပ်ကားငှားလိုက်ရင် ငှားခရမှာပေ့ါ။ ထရပ်ကားပိုင်လို့ ဝင်ငွေရတယ်။

တတိယငွေရလမ်းကတော့ သူများမလုပ်သေးတဲ့ အလုပ်ကိုစွန့်စားပြီး လုပ်ရဲတဲ့ အစွမ်းရှိခြင်းပဲ။ Entrepreneurial Talents လို့ခေါ်တယ်။ အဲသလို အစွမ်းရှိတဲ့သူတွေဟာ ပစ္စည်းအသစ်တီထွင်တယ်၊ ကုမ္ပဏီအသစ်တည်ထောင်တယ်။ ဘီလ်ဂိတ်ကို ကြည့်ပေ့ါ။ သူ့ကုမ္ပဏီက အလွန်အောင်မြင်တဲ့ ပစ္စည်းအသစ်ထုတ်လုပ်နိုင်တာကြောင့် သူချမ်းသာလာတာ။ လူငယ်တစ်ယောက်မှာ အသစ်တီထွင်ခြင်းဆိုတဲ့ အလွန်စိတ်လှုပ်ရှားဖို့ကောင်းတဲ့ အခွင့်အလမ်းရှိတယ်။ ကွန်ပျူတာအတတ်မှာ စွဲလမ်းနေမှရယ်မဟုတ်ဘူး။ တခြားစိတ်ကူး စိတ်သန်းရှိရင်လည်းဖြစ်တယ်။ ဥပမာစူပါမားကတ်က စင်တွေပေါ်မှာ ပစ္စည်းတွေ တင်ပုံတင်နည်းအတွက် ပိုကောင်းတဲ့ အကြံဉာဏ်ထုတ်ပေး၊ မင်းရဲ့နည်းလမ်းကို တခြားသူတွေ လိုက်လုပ်ရင်ပဲ မင်းချမ်းသာနိုင်တယ်။

ငွေရပေါက်ရလမ်းတွေ အများကြီးရှိပေမဲ့ လူတိုင်းလူတိုင်းအတွက်တော့ အလုပ်မဖြစ်ပြန်ဘူး။ အမေရိကလို ချမ်းသာတဲ့နိုင်ငံမှာပဲ ဆင်းရဲတဲ့လူတွေ ရှိနေတာကိုး။ ဆင်းရဲရတဲ့ အကြောင်းတွေက ရှိနေတာကိုး။ တချို့က မကျန်းမာဘူး၊ မကျန်းမာလို့ အလုပ်မလုပ်နိုင်တာနဲ့ ဆင်းရဲရတယ်။ တချို့ကျတော့လည်း ကိုယ့်ကိုယ်ကိုယ် မထိန်းသိမ်းနိုင်ဘူး။ ဆေးစွဲလို့ အရက်စွဲလို့ အလုပ်မလုပ်နိုင်တော့တာကြောင့်

**❖တကယ်တော့ ဓနကိုခွဲခြမ်းတဲ့အလုပ်ဟာ ပျော်ပွဲစားထွက်သလိုတော့ မဟုတ်ဘူး။ မလွယ်လှဘူး၊ တိုက်ရခိုက်ရတဲ့ အမျိုးအစားဗျ။ လူတွေက အကြိုက်အမျိုးမျိုးရှိကြတယ်။ တစ်ယောက်နဲ့တစ်ယောက် နပန်းလုံးနေကြတာ ရှုံးသူ၊ နိုင်သူလို့ရှိတယ်။ အင်း. . . ချမ်းသာသူ၊ ဆင်းရဲသူပေါ့ဗျာ။ အနောက်ဥရောပနိုင်ငံတွေက အစိုးရတွေဟာ ဈေးကွက်စီးပွားရေးကို ကူညီထောက်ပံ့ဖို့ လူမှုဖူလုံရေးအစီအစဉ်လုပ်တယ်။ ကံမကောင်းတဲ့ လူတွေအတွက်ပဲ။ ဆင်းရဲတဲ့လူတွေ အလွန်အမင်းမဆင်းရဲအောင်ပေါ့။ ယဉ်ကျေးတဲ့နိုင်ငံတွေဟာ လူမှုဒုက္ခရောက်နေတဲ့လူတွေကို တော်တော်စောင့်ရှောက်တယ်လို့ ကျွန်တော်ယုံကြည်တယ်။ ❖**

ဝင်ငွေမကောင်းဘဲ ဆင်းရဲကြတယ်။ ဒါပေမဲ့ လူအများစုကျတော့ အလုပ်အကိုင်မရှိကြလို့ ဝင်ငွေမရှိတာ။ သူတို့ကို ကျွမ်းကျင်အောင်သင်ပြီးပြီ၊ အလုပ်လည်း လုပ်ချင်ကြပေမဲ့ လုပ်စရာအလုပ်မရှိဘူး။

ဒါမျိုးကတော့ တရားမျှတမှု မရှိဘူးလို့ မင်းတွေးနေမှာပေ့ါ။ ဒါပေမဲ့ ဒီအတိုင်းပဲဖြစ်နေတယ်။ လောကကြီးက မမျှတဘူး။ သည်အချက်ကို လက်ခံဖို့ အတော်ခက်တယ်။ ဒါပေမဲ့ နှစ်ထောင်ပေါင်းများလှပြီ။ သယံဇာတတွေကို မျှမျှတတခွဲဝေပေးမဲ့ (ဘယ်သူမှ မဆင်းရဲစေရအောင်ပေ့ါ) စီးပွားရေးစနစ်တစ်ခု ပေါ်ထွက်လာဖို့ လူတွေမလုပ်နိုင်ဘူး ဖြစ်နေတယ်။ ဥရောပ၊ အမေရိကနဲ့ နိုင်ငံအတော်များများမှာရှိတဲ့ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေး Market Economy လို့ ခေါ်တယ်။ ကုမ္ပဏီတွေက သူတို့ထုတ်ချင်တဲ့ ပစ္စည်းတွေထုတ်တယ်။ လူတွေကလည်း သူတို့ဝယ်ချင်တာကိုပဲ လွတ်လွတ်လပ်လပ်ဝယ်တယ်။

စီးပွားရေးစနစ်ကို အစိုးရက ခြယ်လှယ်တာ မဟုတ်ဘဲ ဈေးကွက်ကခြယ်လှယ်တယ်။ ဒီစနစ်က အလုပ်ဖြစ်တယ်။ လူတွေက သူတို့အကျိုးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ကြတာကိုး။ ကုန်ပစ္စည်းတစ်ခု လိုအပ်နေပြီလို့ကြားရင် တစ်ယောက်ယောက်က ဒီပစ္စည်းကို ထုတ်လုပ်လိုက်တာချည်းပဲ။ ဥပမာ လူတိုင်း ရုတ်တရက် ဘောလုံးဝယ်ချင်တယ်ဆိုပါစို့။ စတိုးဆိုင်တွေမှာ ပစ္စည်းပြတ်သွားတယ်ဆိုပါစို့။ တစ်စုံတစ်ယောက်က ဘောလုံးထုတ်မှာပေ့ါ။ အမြတ်ရမှာကိုး။ ဈေးကွက်စီးပွားရေးမှာ ကောင်းတာတွေ အများကြီးရှိတယ်။ ကိုယ့်ကိစ္စကိုယ့်သဘော၊ လွတ်လွတ်လပ်လပ်ရှိတာမို့ပဲ။ ပစ္စည်းတစ်ခု ကိုယ်မကြိုက်ရင် မဝယ်ရုံဘဲ။ ဈေးကွက်စီးပွားရေးမှာ မကောင်းတာတွေလဲရှိတယ်။ လူတိုင်းအပေါ်မှာ မညီမျှတာဘဲ။ အလုပ်သမားတွေကိုလဲ အကာအကွယ်မပေးဘူး။ အလုပ်သမားတွေအနေနဲ့ ကြိုးစားလုပ်တယ်။ ဝီရိယရှိတယ်။ ဒါပေမဲ့ လုပ်ငန်းကိုင်ငန်းက အဆင်မပြေ၊ အရပ်ရပ်စီးပွားမကောင်းလို့ ရုတ်တရက် ပြိုလဲသွားတယ်ဆိုရင် အလုပ်ပြုတ်ရတာပဲ။ မမျှတပါဘူး။ ဒါပေမဲ့ ခဏခဏဖြစ်လေ့ရှိတဲ့ အဖြစ်အပျက်မျိုးပဲ။

အင်း. . . ခင်ဗျား တွေးကောင်း တွေးနေမယ်။ ဒီလိုဆိုရင် ကမ္ဘာပေါ်က နိုဘယ်ဆုရတဲ့သူတွေ စုပေါင်းပြီး တရားမျှတတဲ့ စနစ်တစ်ခု တီထွင်ပါလား။ ဘယ်သူမှ မဆင်းရဲတဲ့စနစ်တစ်ခု။ ဒါမျိုးကို ကွန်မြူနစ်ဝါဒ (Communism) လို့ ခေါ်ခဲ့ဖူးတယ်။ ဒီဝေါဟာရကို ကြားဖူးပြီးသားဖြစ်မှာပေ့ါ။ ကုန်ပစ္စည်းတွေကို ဘယ်လိုခွဲဝေသုံးစွဲမလဲလို့ လူတိုင်းပါဝင် ဆုံးဖြတ်မယ်။ အဖွဲ့အစည်းရဲ့ ကောင်းကျိုးအတွက် လူတိုင်းလုပ်မယ်။ သိပ်ကောင်းတာပဲ။ မကောင်းဘူးလား။ ကွန်မြူနစ်စနစ်ကို ရုရှားပြည်မှာ နှစ်ပေါင်းခုနစ်ဆယ်လက်တွေ့ကျင့်သုံးခဲ့တယ်။

၁၉၉၀ မှာ ကွန်မြူနစ်စီးပွားရေးစနစ် ပြိုကျသွားခဲ့တယ်။ စနစ်က အလုပ်မဖြစ်ဘူး။ ကွန်မြူနစ်စနစ်ပြိုလဲသွားခြင်းက ဒီအယူအဆမှာ ပြဿနာကြီးနှစ်ခုရှိတယ်လို့ သက်သေပြတာပဲ။ ပထမပြဿနာက ဒီစနစ်မှာ ပုဂ္ဂလိကအတွက် တိုက်ရိုက်ကျကျ အားအင်ရှိတဲ့ မက်လုံးမရှိဘူး။ ဈေးကွက်စီးပွားရေးမှာလိုမဟုတ်ဘူး။ မင်းက လူတွေအတွက် စေတနာရှိပေမဲ့ မနက်စောစောထပြီး မင်းအတွက် တိုက်ရိုက်အကျိုးမရှိတဲ့အလုပ်ကို တကယ်ပင်ပင်ပန်းပန်းလုပ်ဖို့ခက်တယ်။ ဝမ်းနည်းစရာကောင်းပေမဲ့ ဒါက လူ့သဘာဝကိုး။

ကွန်မြူနစ်စနစ်ရဲ့ နောက်ပြဿနာက ပစ္စည်းဝေခြမ်းရေးပြဿနာပဲ။ သီအိုရီအရတော့ လူတိုင်းပါဝင် ဆုံးဖြတ်မယ်ဆိုတာက ကောင်းသလိုပဲ။ လက်တွေ့ကျတော့ ဆုံးဖြတ်ချက်တွေချဖို့ ဗျူရိုကရေစီလိုနေပြန်တယ်။ သမိုင်းမှာ လူထုဟာ ဗျူရိုကရေစီမှာ ပုံအပ်လိုက်တာကို တစ်ချိန်ချိန်မှာ စိတ်ကုန်သွားပြီး ဗျူရိုကရေစီကို ပုန်ကန်ကြတာချည်းပဲ။ ကွန်မြူနစ်စနစ်ရဲ့ ဗျူရိုကရေစီဟာ ဆုံးဖြတ်ချက်ချဖို့ လိုအပ်တဲ့ အချက်အလက်တွေ မရဘူး။ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဂရုစိုက်ပါတယ်ဆိုပေမဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းစီက ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်သလောက်တော့ မက်လုံးဘယ်မှာရှိပါ့မလဲ။

ကျွန်တော်ဖြင့် ကိုယ့်အတွက်သာဆိုရင် ကိုယ်လိုချင်တာရဖို့တကယ်ကြိုးစားတယ်။ အကယ်၍ ပေါင်မုန့်အဖြူ မစားချင်ဘူး၊ ပေါင်မုန့်အညိုပဲ စားတော့မယ်ဆိုပါစို့၊ အပြင်ထွက်ပြီး ပေါင်မုန့်အညို ရဖို့ရှာတာပေ့ါ။ ဗဟိုက ဗျူရိုကရေစီက အစားအစာတွေ ဖြန့်ဖြူးတာကို ထိန်းချုပ်ထားတယ်ဆိုရင် ကျွန်တော့်ကို ပေါင်မုန့်အဖြူအစား ပေါင်မုန့်ညိုပဲ ပေးသင့်တယ်ဆိုတဲ့ သတင်းကို သူတို့ဘယ်ရမလဲ။

ကျွန်တော်တို့နဲ့ အဆင်ပြေတာက ဈေးကွက်စီးပွားရေးပဲကျန်တော့တာပေ့ါ။ မကောင်းတာတွေရှိတောင်မှ ခုထိတော့ လူတွေအတွက် အကောင်းဆုံးစီးပွားရေးစနစ်ထင်ပါရဲ့။ တကယ်တော့ ဓနကိုခွဲခြမ်းတဲ့အလုပ်ဟာ ပျော်ပွဲစားထွက်သလိုတော့ မဟုတ်ဘူး။ မလွယ်လှဘူး၊ တိုက်ရခိုက်ရတဲ့ အမျိုးအစားဗျ။ လူတွေက အကြိုက်အမျိုးမျိုးရှိကြတယ်။ တစ်ယောက်နဲ့တစ်ယောက် နပန်းလုံးနေကြတာ ရှုံးသူ၊ နိုင်သူလို့ရှိတယ်။ အင်း... ချမ်းသာသူ၊ ဆင်းရဲသူပေ့ါဗျာ။ အနောက်ဥရောပနိုင်ငံတွေက အစိုးရတွေဟာ ဈေးကွက်စီးပွားရေးကို ကူညီထောက်ပံ့ဖို့ လူမှုဖူလုံရေးအစီအစဉ်လုပ်တယ်။ ကံမကောင်းတဲ့ လူတွေအတွက်ပဲ။ ဆင်းရဲတဲ့လူတွေ အလွန်အမင်း မဆင်းရဲအောင်ပေ့ါ။ ယဉ်ကျေးတဲ့နိုင်ငံတွေဟာ လူမှုဒုက္ခရောက်နေတဲ့လူတွေကို တော်တော်စောင့်ရှောက်တယ်လို့ ကျွန်တော်ယုံကြည်တယ်။

အစိုးရက အခွန်ငွေတွေ သုံးရတာပဲ။ ဆင်းရဲသားတွေ ခံသာအောင်ပေ့ါ။ လူတွေအားလုံး တစ်ပြေးညီဖြစ်အောင် အခွန်ကောက်ခံတဲ့စနစ်ကို ပြင်မယ်ဆိုရင်တော့လဲ ဈေးကွက်စီးပွားရေးကို တွန်းအားပေးတဲ့ မက်လုံးရှိတော့မှာမဟုတ်ဘူး။ အလုပ်ကြိုးစားတဲ့သူတွေ၊ ပညာကောင်းကောင်းတတ်သူတွေ၊ သူတို့အရည်အသွေးကို မြန်မြန်တိုးတက်အောင် လုပ်တဲ့သူတွေအတွက် မက်လုံးအနေနဲ့ ဝင်ငွေကောင်းဖို့လိုတယ်။ အလုပ်လုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ ဝင်ငွေရမယ်ဆိုရင် လူအများစုက ပင်ပင်ပန်းပန်း အလုပ်လုပ်မှာမဟုတ်ဘူး၊ အလုပ်တောင်လုပ်မှာ မဟုတ်ဘူး။

မင်းအနေနဲ့ စိတ်ပျက်သွားမှာ မဟုတ်ဘူးလို့တော့ မျှော်လင့်တယ်။ လူတချို့က ဘာကြောင့် ချမ်းသာပြီး တချို့ကျတော့ ဘာကြောင့်ဆင်းရဲတာကို ရှင်းပြဖို့တော့ ကျုပ်ကြိုးစားတာပဲ။ နိဂုံးချုပ်ရရင်တော့ စာကြောင်းတစ်ကြောင်းနဲ့ ချုပ်လို့ရတယ်။ ကမ္ဘာကြီးကမမျှတဘူး။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၈၈၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၈၈၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် မြေပဲ ၄၆၈၂၆ ကေထိ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၈၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲဧက၄၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကော မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မြေပဲတစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားကျရောက်မှုကင်းစင်စေရေး၊ ပေါင်းမြက်ကင်းစင်စေရေး တို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်၍ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ



**ညောင်တုန်း ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် သားငါးဈေးကွက်တွင် ငါးတန်များ ဝယ်ယူမှုကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ငါးတန်များ ဇွန်လတတိယပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် နေ့စဉ် ငါးတန်ပိဿာချိန် ၃၅၀၀ မှ ၆၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ဘက်ကထွက်တဲ့ ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ညောင်တုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက် ငါးတန်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်။ ငါးတန်က အခုအချိန်မှာ အရောင်းအဝယ် အဖြစ်ဆုံးပါ။ ငါးတန်တွေ အရောင်းအဝယ် ကောင်းလာတော့ လုပ်သားတွေ၊ လုပ်ငန်းရှင်တွေနဲ့ ငါးမွေးမြူရေးနယ်ပယ် အသီးသီးက လုပ်ငန်းရှင်တွေလဲ အလုပ်အကိုင် အခွင့်အလမ်းတွေ ကောင်းမွန်လာပါတယ်။ ညောင်တုန်းမြို့နယ်ဘက်ကထွက်တဲ့ ငါးတန်တွေက အရည်အသွေးကောင်းမွန်ပါတယ်။ ငါးမွေးမြူရေးလုပ်ငန်းက ဒေသခံတွေရဲ့ ဒေသစီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးတန်များကို ဝယ်ယူပြီး ရောင်းတန်းဝင်သည့် ငါးတန်များကို ထုပ်ပိုးပြီး ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသမှ ငါးတန် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မောက်မယ်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မောက်မယ် ဇူလိုင် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းယွန်(အနောက်)ကျေးရွာနှင့် ပုန်းလောင်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မိုင်းယွန်(အနောက်)ကျေးရွာနှင့် ပုန်းလောင်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မောက်မယ်မြို့နယ် မိုင်းယွန်(အနောက်)ကျေးရွာနှင့် ပုန်းလောင်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာများရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို ရန်ပုံငွေကျပ် ၆၄ ဒသမ ၁သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးသူ**

# လွိုင်ကော်မြို့နယ် ရေနီကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**လွိုင်ကော် ဇူလိုင် ၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာကေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ရေနီကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်၊ လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနျားရယ်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ရေနီကန်ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၃၁ ဒသမ ၁၉၅ သန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် လင်းလက်ရွှေစင်ကုမ္ပဏီက ယခုနှစ် ဇွန်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနျားရယ်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# အုတ်ဖိုမြို့နယ် လယ်ဦးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပတောကျေးရွာအုပ်စု လယ်ဦးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် လယ်ဦးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃၄ ဦးကို ငွေကျပ် ၆၈ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၈ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# တရားစွဲဆိုပုံ နည်းလမ်းကျရန်လိုပါသည်

မြေကိုရရှိရန် တရားစွဲမည်ဆိုလျှင် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေအရ ဥပဒေနှင့်အညီ စွဲဆိုရပါမည်။ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂(၁)(ဃ)အရ စွဲဆို၍မရနိုင်ပါ။ စွဲဆိုသူ တရားလိုနှင့် မြေတွင်ဝင်ရောက်နေသူတို့သည် မြေရှင်နှင့် မြေငှားဖြစ်ကြောင်း ပြဆိုရပါမည်။ ထိုသို့ မပြဆိုနိုင်ပါက မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂ (၁)(ဃ)အရ မြေမှဖယ်ရှားပေးရန် တရားစွဲဆိုနိုင်မည်မဟုတ်ကြောင်းဖြင့် ဥပဒေပညာပေးလမ်းညွှန်စီရင်ထုံးတစ်ခုကို အကြောင်းပြု၍ ရေးသားဖော်ပြပါမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ဒေါ်စိန်နက်က ၎င်း၏တရားဝင်ကိုယ်စားလှယ်ဖြစ်သူ ဒေါ်လှညိုမှတစ်ဆင့် သံတွဲမြို့ မြို့နယ်တရားမရုံး ၁၉၆၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၆ တွင် ဦးအရှမ်းနှင့် ဒေါ်ကျေးမျှင်တို့အပေါ် မိမိပိုင်မြေပုံတွင် (အေ)အမှတ်ပြထားသည့် မြေကွက်ပေါ်မှ အဆောက်အအုံကိုဖျက်သိမ်း၍ထွက်ခွာသွားစေရန်နှင့် မြေငှားခကျန်ငွေကျပ် ၃၀၀ ရလိုကြောင်း တရားစွဲဆိုခြင်းကို မူလရုံးမှ စရိတ်နှင့်တကွ ပလပ်ခဲ့သည်။ ဒေါ်စိန်နက်က သံတွဲမြို့ ရာဘက်ခရိုင် တရားမရုံး ၁၉၆၃ ခုနှစ် တရားမအယူခံမှုအမှတ်-၆ တွင် အယူခံဝင်ရောက်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိသဖြင့် တရားရုံးချုပ်သို့ ဒုတိယအယူခံမှုတင်သွင်းခဲ့ပါသည်။

တရားလို၏ စွဲဆိုလွှာတွင် အခင်းဖြစ်မြေမှာ သံတွဲမြို့ မြောက်ရပ် အကွက်နံပါတ်(၃) ဦးပိုင်အမှတ်(၁၅၈)မြေချိန်ဧရိယာ(၀၅၂)ကို ဒေါ်စိန်နက်က ၁၉၅၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နေ့တွင်ပိုင်ရှင် ဦးကိုကိုတင်နှင့်ဇနီးတို့ထံမှ အဖိုးငွေကျပ် ၁၀၀၀၀ နှင့် မှတ်ပုံတင်စာချုပ်ချုပ်ပြီးဝယ်ယူခဲ့သည်။ ထိုမြေ၏ မြေပုံပေါ်တွင် အမှတ်(အေ)ဖြင့် ပြထားသည့် မြေချိန်ဧရိယာ(.၀၂၁)ကို အရောင်းအဝယ်မပြုလုပ်မီက ဦးအရှမ်းတို့က ယခင်ပိုင်ရှင် ဦးကိုကိုတင်ထံမှ တစ်နှစ်လျှင် အခငွေကျပ် ၁၀၀ နှင့်ငှားရမ်းအိမ်ဆောက်နေထိုင်ခဲ့ကြသည်။

ဦးကိုကိုတင်ထံမှဒေါ်စိန်နက်က ထိုမြေကိုဝယ်ယူပြီးနောက် မြေငှား ဦးအရှမ်းတို့ကို ဦးကိုကိုတင်က ထိုမြေကို ဒေါ်စိန်နက်သို့ရောင်းချလိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင်ကို ဒေါ်စိန်နက်နှင့်သာ ဆက်ဆံရန် နို့တစ်စာပေးခဲ့သည်ဟုဆိုပါသည်။ သို့သော်လည်း ဦးအရှမ်းတို့သည် ထိုမြေကို အရောင်းအဝယ်ပြုလုပ်ခဲ့သည့် ၁၉၅၆ ခုနှစ် ဇန်နဝါရီလမှစ၍ ၁၉၆၂ ခုနှစ် ဇူလိုင်လကုန်အထိ ခြောက်နှစ်နှင့် ခုနစ်လအတွက် မြေငှားခငွေပေါင်း ၆၅၈ ကျပ် ၃၃ ပြားကို တောင်းဆိုသော်လည်း မပေးခဲ့။ ထို့ကြောင့် ဒေါ်စိန်နက်က ဦးအရှမ်းတို့အား ကျန်ရှိသည့်မြေငှားခငွေများပေးရန်နှင့် ထိုမြေမှဖယ်ရှားပေးရန် ၁၉၆၂ ခုနှစ် ဇူလိုင် ၅ ရက်နေ့စွဲပါ သက်သေခံအမှတ်(ဂ) နို့တစ်စာပေးခဲ့သော်လည်း လိုက်နာခြင်းမရှိသဖြင့် ယခုအမှုကို **မြို့ပြဆိုင်ရာ ဥပဒေပုဒ်မ-၁၂(၁)(ဃ)အရ မြေခသုံးနှစ်အတွက် ငွေကျပ် ၃၀၀ ပေးရန်နှင့် မြေမှဖယ်ရှားပေးရန် တရားစွဲဆိုရပါသည်**ဟု တရားလိုက ပြဆိုခဲ့ပါသည်။

ဦးအရှမ်းတို့က အချင်းဖြစ်မြေကို ဦးကိုကိုတင်ထံမှ တစ်နှစ်လျှင် ငွေကျပ် ၁၀၀ နှင့် ငှားရမ်းနေထိုင်ကြောင်း ဝန်ခံကြသော်လည်း ထိုမြေကို ဦးကိုကိုတင်က ဒေါ်စိန်နက်သို့ ရောင်းချလိုက်ခြင်းပြုသည်ဆိုသည်ကို မသိကြောင်း ငြင်းဆိုသည်။ ထို့ပြင် **ဦးအရှမ်းတို့က ၎င်းတို့နှင့်ဒေါ်စိန်နက်သည် မည်သည့်အခါကမျှ မြေရှင်မြေငှားဖြင့် မတင်ရှိခဲ့ကြောင်း၊ မြေခများကို တစ်ကြိမ်တစ်ခါမျှ မပေးခဲ့သဖြင့် ဒေါ်စိန်နက်သည် ယခုအမှုကဲ့သို့ မြေမှဖယ်ရှားပေးရန် တရားစွဲဆိုခွင့်မရှိပါဟု** ကန့်ကွက်ချေပခဲ့သည်။

တရားလို၏ အဆိုလွှာနှင့် တရားခံ၏ ချေပလွှာများအရ အောက်ရုံးမှ ကောက်ချက်ခုနစ်ချက် ထုတ်နုတ်စစ်ဆေးခဲ့သည်။ တရားလိုသည် အချင်းဖြစ်မြေကို ဦးကိုကိုတင်နှင့် ဇနီးတို့ထံမှ ငွေကျပ် ၁၀၀၀၀ ပေးပြီးဝယ်ယူရရှိခဲ့ကြောင်းမှာ မမှန်ဟုလည်းကောင်း၊ ဦးကိုကိုတင်က မြေငှားခများကို တရားလို ဒေါ်စိန်နက်သို့ပေးရန် ဦးအရှမ်းတို့ထံသို့ နို့တစ်စာပေးခဲ့သည်ဆိုသည်မှာလည်း မမှန်ဟုလည်းကောင်း ယခုအမှုကို တရားလိုဖြစ်သူဒေါ်လှညိုက ပိုင်ရှင်ဒေါ်စိန်နက်၏ သဘောအရမဟုတ်ဘဲ ကြံစည်စွဲဆိုခြင်းဖြစ်သည်ဟုလည်းကောင်း ဖြေဆိုပြီး တရားလို စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။



အယူခံဝင်သောအခါ အယူခံကြားနာသည့် တွဲဖက်ခရိုင်တရားမ တရားသူကြီးကအမှုတွင် "မူလရုံးမှ တရားလိုအား အရောင်းအဝယ်စာချုပ်ကို တင်သွင်းခွင့်မပေးခြင်းနှင့် အရောင်းအဝယ်ဖြစ်သည့်အကြောင်းကို မူလပိုင်ရှင် ဦးကိုကိုတင်က ဦးအရှမ်းတို့သို့ အကြောင်းကြား နို့တစ်စာပေးခဲ့သည်များနှင့် ပတ်သက်၍ သက်သေပေးပြခြင်းမပြုသည်မှာ ဥပဒေအရ မှားယွင်းသည်"ဆိုပြီး တရားမကျင့်ထုံးဥပဒေ အမိန့်-၄၁၊ နည်းဥပဒေ-(၂၇)အရ ထိုသက်သေခံချက်များကို ရယူနိုင်ရန် ၎င်း၏ ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့စွဲပါအမိန့်အရအမှုတွဲကို မူလရုံးသို့ပြန်လည်ပေးပို့ခဲ့သည်။

အောက်ရုံးမှ လိုအပ်သည့်သက်သေခံချက်များ ရယူပြီး အယူခံရုံးသို့ ပြန်လည်တင်သွင်းသည့်အခါ ခရိုင်တရားမတရားသူကြီးက အမှုအကြောင်းခြင်းရာနှင့်ပတ်သက်ပြီး ဆင်ခြင်ခြင်းမပြုမီ ယခုအမှုကို တရားလိုဖြစ်သူ ဒေါ်စိန်နက် ကိုယ်စား ၎င်း၏ကိုယ်စားလှယ်ဆိုသူဒေါ်လှညိုသည် ဒေါ်စိန်နက်၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း လုံလောက်သည့်သက်သေအထောက်အထားမရှိသဖြင့်ဟုဆိုကာ ယခုကဲ့သို့ အမှုမျိုးကို စရိတ်နှင့်တကွ ပလပ်လိုက်ခြင်းဖြစ်ပါသည်။

**တရားရုံးချုပ်၏စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဒုတိယအယူခံမှုဝင်ရောက်ရာတွင် အယူခံတရားလို၏ ရှေ့နေကြီးက အောက်အယူခံရုံး၏ အမှုတွဲတွင် တရားလို၏ ကိုယ်စားလှယ်အဖြစ် တရားစွဲဆိုသူ ဒေါ်လှညိုက ၎င်းအားအချင်းဖြစ်မြေ၏ ပိုင်ရှင် ဒေါ်စိန်နက်က သက်သေခံအမှတ်(ဇ) မှတ်ပုံတင်စာချုပ်အရ ကိုယ်စားလှယ်လွှဲပေးခဲ့ကြောင်း လုံလောက်သည့် သက်သေခံအထောက်အထားပြသနိုင်ခြင်းမရှိဆိုပြီး အယူခံတရားလို၏ အမှုကိုပလပ်လိုက်ခြင်းမှာ တရားဥပဒေအရ များစွာမှားယွင်းနေကြောင်း၊ ယခင်တရားလွှတ်တော်မှ ဆုံးဖြတ်ခဲ့သည့် **ဆီသာရန်နှင့် အလာရပ်ခ်ီးပါ အများ ၁၉၅၁ ခုနှစ် မြန်မာပြည်စီရင်ထုံး စာ-၃၅၆ ပါ** ပြဆိုချက်များ အပေါ် ကိုးကားလျှောက်ထားခဲ့ပါသည်။

ထိုစီရင်ထုံးအရ သက်သေခံဥပဒေပုဒ်မ-၈၅၏ လိုရင်းကို ဆင်ခြင်စဉ်းစားရာဝယ် မှတ်ပုံတင် ကိုယ်စားလှယ်စာများတွင် မှတ်ပုံတင်ဥပဒေအရ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း ထင်ရှားနေလျှင် ၎င်းကိုယ်စားလှယ်စာကို ကိုယ်စားလှယ်ပေးသူက ချုပ်ဆိုပေးကြောင်း သက်သေခံတင်ပြရန်မလိုကြောင်း ဆုံးဖြတ်ထားသောကြောင့်ဖြစ်သည်။ ဒေါ်စိန်နက်က ဒေါ်လှညိုအား ကိုယ်စားလှယ်လွှဲပေးခြင်းမရှိကြောင်း ပြသရန်တာဝန်မှာ တရားခံများအပေါ်ကျရောက်ကြောင်း ထိုတာဝန်နှင့်ပတ်သက်၍ တရားခံများက ဒေါ်စိန်နက်အား သမ္မန်စာထုတ်ဆင့်ခဲ့သော်လည်း မတွေ့ရှိသဖြင့် မစစ်ဆေးဘဲ စာချုပ်တွင်ပါသည့် အခြားသက်သေတစ်ဦးတစ်ယောက်ကိုမျှလည်း ခေါ်ယူပြသစစ်ဆေးခဲ့ခြင်းမပြုခဲ့ကြောင်း၊ ထိုသို့ဖြစ်ရာကာ **တရားခံများက ၎င်းသက်သေခံ (ဇ) ကိုယ်စားလှယ်စာချုပ်နှင့်ပတ်သက်၍ ၎င်းတို့က ကန့်ကွက်ချက်ကို ထင်ရှားအောင် သက်သေခံချက်ပြနိုင်ခြင်းမရှိသည်မှာထင်ရှားသည်ဟု** တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

သို့သော် အောက်အယူခံရုံးမှ ထိုတာဝန်ကို တရားလို ဒေါ်လှညိုအားပြသရန်ရှိသည်ဟု လွဲမှား၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာ ထိုဆုံးဖြတ်ချက်မှာ မှန်ကန်လက်ခံနိုင်သည်ဟု မဆိုနိုင်ကြောင်း၊ သို့သော် ယခုအယူခံမှုမှာ ထိုအချက်နှင့်ပင် ပြီးဆုံးခြင်းမရောက်သေးကြောင်း အဘယ်ကြောင့်ဆိုသော် ထိုတရားလိုက ၎င်း၏စွဲဆိုလွှာ တရားခံ၏ချေပလွှာကို ပြန်ကြားသည့် ပြန်လှန်ချေပလွှာနှင့် ၎င်းက အမှုတွင် ပေးခဲ့သည့် သက်သေခံအမှတ်(ဂ)နို့တစ်စာအရ အမှုကို **၁၉၆၀ ခုနှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂ (၁)(ဃ)အရ တရားစွဲဆိုကြောင်းအမှုတွင် ၎င်းက မြေနှင်လိုမှုအတွက် မြေငှားခ တစ်နှစ်အတွက် သင့်ငွေကျပ် ၁၀၀ အပေါ်တွင်သာ ပေးဆောင်ခဲ့ခြင်းက ထင်ရှားနေကြောင်း** တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

အယူခံတရားလို(အချင်းဖြစ်မြေကို ဝယ်ယူသူ) **ဒေါ်စိန်နက်အား မည်သည့်အခါကမျှ မြေငှားအဖြစ် အသိအမှတ်ပြုပြီး မြေငှားခများ ပေးအပ်ခဲ့ကြောင်း ဝန်မခံခဲ့သလို အယူခံတရားလိုဒေါ်စိန်နက်ဘက်မှလည်း မြေကို ဦးကိုကိုတင်ထံမှဝယ်ယူပြီး အယူခံတရားလိုများက မြေခကို ၎င်းအား တစ်ကြိမ်တစ်ခါ ပေးခဲ့ပါသည်ဟု ပြဆိုနိုင်ခြင်းမရှိသည်ကို တရားရုံးချုပ်က** ဖော်ထုတ်စိစစ်ခဲ့ပါသည်။

ဝယ်ယူသည့်နေ့မှစ၍ တရားစွဲဆိုသည့်နေ့တိုင် ခြောက်နှစ်နှင့် ခုနစ်လအတွက် မြေငှားခများ လုံးဝမရရှိခဲ့ပါဟု ဒေါ်စိန်နက်က ဝန်ခံထားသဖြင့် ဦးအရှမ်းတို့သည် ဒေါ်စိန်နက်အား ၎င်းတို့ငှားနေသည့် မြေနှင့်ပတ်သက်၍ **မြေငှားအဖြစ် အသိအမှတ်ပြုခဲ့ခြင်းမပြုလုပ်ခဲ့ကြောင်းမှာ ထင်ရှားနေသည်။ ထိုသို့ တရားလိုနှင့် တရားခံတို့သည် မြေရှင်နှင့် မြေငှားအဖြစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ တည်ရှိခြင်းမရှိဟု အယူခံတရားလိုတို့သည် အယူခံတရားခံတို့အား အချင်းဖြစ်မြေမှ မြေငှားများအဖြစ် ပုဒ်မ-၁၂ (၁)(ဃ)အရ ဖယ်ရှားပေးရန် မည်သို့မျှ စွဲဆိုနိုင်ရန် အခွင့်အရေးရှိမည် မဟုတ်ကြောင်း** တရားရုံးချုပ်က ကျယ်ပြန့်စွာ ဝေဖန်စိစစ်သုံးသပ်ခဲ့ပါသည်။

ယခုအမှုမှာ ပစ္စည်းလွှဲပြောင်းရေးဥပဒေအရမြေကို ရရှိရန် တရားစွဲဆိုခဲ့ခြင်းမဟုတ် တရားလိုက မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ-၁၂(၁)(ဃ)အရ စွဲဆိုခြင်းဖြစ်ရကား ထိုဥပဒေတွင် ပြဆိုထားသည့်အတိုင်း တရားလိုနှင့် တရားပြိုင်တို့သည် မြေငှားသူနှင့် မြေငှားအဖြစ်အရှိကြောင်း မပြဆိုနိုင်သရွေ့ ထိုဥပဒေအရ မြေငှားဖြစ်သူ အယူခံတရားခံတို့အား ပုဒ်မ-၁၂(၁)(ဃ)အရ မြေမှ ဖယ်ရှားပေးရန် တရားစွဲဆိုနိုင်မည်မဟုတ်ကြောင်း တရားရုံးချုပ်က တိကျခိုင်မာစွာ စိစစ်သုံးသပ်ခဲ့ပါသည်။

အယူခံတရားလို၏ ရှေ့နေကြီးတင်ပြချက်အရ တရားခံများတို့သည် မြေရှင် ဒေါ်စိန်နက်၏ မြေပေါ်တွင် နေထိုင်သူများဖြစ်ကြသော်လည်း **ထိုသို့နေထိုင်ခြင်းမှာ ဒေါ်စိန်နက်၏ မြေငှားဖြစ်သူများအဖြစ်နေထိုင်ခြင်းဖြစ်ကြောင်းကို အယူခံတရားလိုဒေါ်စိန်နက်က ပြသနိုင်ခြင်းမရှိသဖြင့် တရားခံတို့သည် ထိုမြေပေါ်တွင် ကျူးကျော်သူများအဖြစ်ဝင်ရောက်နေထိုင်သူများဖြစ်သည်ဟု ယူဆရပေမည်။ ထိုသို့ယူဆလျှင် အယူခံတရားလို ဒေါ်စိန်နက်သည် တရားခံတို့အားဖယ်ရှားပေးရန်ကို ပစ္စည်းလွှဲပြောင်းရေးဥပဒေအရသာ မြေကိုလက်ရောက်ရရှိရန် တရားစွဲဆိုခွင့်ရှိသည်။ ယခုကဲ့သို့ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေ ပုဒ်မ-၁၂(၁)(ဃ)အရ တရားစွဲဆိုပိုင်ခွင့်မရှိကြောင်း** တရားရုံးချုပ်က ထပ်မံ၍ တိကျခိုင်မာစွာ စိစစ်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် ယခုအမှုကို အောက်အယူခံရုံး နှစ်ရုံးစလုံးမှ ပလပ်လိုက်သည်မှာ **ထိုရုံးများမှ ပြဆိုချက်များအရ မှန်ကန်သည်ဟု မဆိုနိုင်သော်လည်း** အထက်က ပြဆိုခဲ့သည့်အတိုင်း တရားလိုသည် ယခုကဲ့သို့ တရားခံများကို မြေမှ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေအရ ဖယ်ရှားပေးရန် တရားစွဲဆိုနိုင်ခွင့်မရှိသဖြင့် ၎င်းစွဲဆိုသည့်အတိုင်း ဒီကရီကိုရရှိရန် မဖြစ်နိုင်၍ အောက်ရုံးများမှ အမှုကို ပလပ်လိုက်သည့်အမိန့်ကို အတည်ပြုရမည်ဖြစ်ကြောင်း စိစစ်သုံးသပ်၍ တရားရုံးချုပ်က အယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။

အမှုတစ်ခုကို ကနဦးစတင်စွဲဆိုစဉ်ကပင် ကျူးကျော်သူများအဖြစ် ဝင်ရောက်နေထိုင်သူများကို ဖယ်ရှားပေးရန် ပစ္စည်းလွှဲပြောင်းရေးဥပဒေအရ မြေကို လက်ရောက်ရရှိရန် စွဲဆိုရမည်ဖြစ်သော်လည်း မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂(၁)(ဃ)အရ တရားစွဲဆိုခဲ့ခြင်းမှာ မှားယွင်းကြောင်း သတိပြုဆင်ခြင်နိုင်ကြပါစေရန် ဒေါ်စိန်နက်နှင့် ဦးအရှမ်းပါ ၂ ၁၉၆၅ ခုနှစ် တရားမဒုတိယအယူခံမှု-၁၆ ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

**စိန်လှိုင်ဗိုလ်**

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ရွှေဘို ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငှက်ပျောကေ အားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ရွှေဘိုခရိုင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငှက်ပျော ၄၀၁၉ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလပထမပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရွှေဘို မြို့နယ်တွင် ကေ ၁၄၂၀၊ ခင်ဦး မြို့နယ်တွင် ၂၆၈ ကေ၊ ဝက်လက် မြို့နယ်တွင် ၂၃၁၁ ကေ၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ကေ ၂၀ စုစုပေါင်း ၄၀၁၉ ကေ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ငှက်ပျော ၄၀၁၉ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပိုးမွှားရောဂါကျရောက်မှုလဲ များ သောအားဖြင့် သက်သာတဲ့အတွက် အခုနောက်ပိုင်း လယ်ကန်သင်း တွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ငှက်ပျောစိုက် တောင်သူများ အနေဖြင့် မြေတစ်ကေလျှင် ငှက်ပျောအပင် ၁၀၀၀ ခန့် စိုက် ပျိုးပြီး တစ်ကေလျှင် အသီးသီး သည့်အထိ စိုက်ပျိုးစရိတ်ငွေကျပ် သိန်း ၂၀ ကုန်ကျမှုရှိရာ အသီးသီး ချိန်တွင် တစ်ကေလျှင် ငွေကျပ် သိန်း ၅၀ ခန့် ပြန်လည်ရရှိကြောင်း သိရသည်။

ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့် ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးသီးနှံ ထုတ်လုပ်နိုင်ရေးအတွက် ဓာတု ဓာတ်ကြွင်း အနည်းဆုံးစိုက်ပျိုး နိုင်ရေး၊ ဓာတုပိုးသတ်ဆေးကို အညွှန်းစာပါသည့် နှုန်းထား အတိုင်းသုံးစွဲရေး စသည့်စိုက်ပျိုး ရေး အလေ့အကျင့်ကောင်းများကို အသိပညာပေး လျက်ရှိကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစား သုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုး တက်လာမည် ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအနေဖြင့် ကျေး လက်နေပြည်သူများ မိသားစု ဝင်ငွေတိုးပွားစေရေး၊ ကျေးလက် နှင့်မြို့ပြကွာဟမှုကို လျှော့ချနိုင် ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရွာမှတ် ကျေးရွာအုပ်စု ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံ ငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇွန်၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် စလင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင် သွင်နှင့်ဝန်ထမ်းများက မြစိမ်း ရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရွာမှတ် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်း ဇယားများ စနစ်တကျဖြည့်သွင်း ထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန် ကြားချက်များ၊ စည်းမျဉ်းစည်း ကမ်းများအပေါ် လိုက်နာဆောင် ရွက်မှုအခြေအနေများကို စစ်ဆေး ပြီး မြို့နယ်ဦးစီးမှူးက လိုအပ် သည်များကို မှာကြားခဲ့သည်။

အဆိုပါ ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန် ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေး မြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ကို ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

**စာပေမြင့်မှ လူမျိုးတင့်မည်**
















## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ မောင်ပြည့်ဖြိုးသူ (ဘ) ဦးစိန်အေး(၅/မမန(နိုင်)၀၉၇၇၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၁၆၃၆၄၁၉

**သင့်သွေးဖြင့် အသက်ကယ်ပါ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသီဟနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## အမည်မှန်

မလှိုင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (ကျောက်တန်း)Grade -1 တွင် ပညာသင်ကြားနေသော (ဘ)ဦးငြိမ်း(၉/မလန(နိုင်)၁၂၀၇၆၃)၏သား မောင်လင်းသန့်ဖြိုး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်မြင့်မြတ်မောင်ဖြစ်ပါကြောင်း။

မောင်မြင့်မြတ်မောင်

## မွေးသက္ကရာဇ်မှန်ကန်ကြောင်း

အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ဆင်စွယ်ပွတ်ရပ်နေ ဒေါ်သန်းသန်း(၉/အမရ(နိုင်)၀၄၇၉၀၃)(အလယ်တန်းပြ)(ငြိမ်း)၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၃-၁၉၅၇)ဖြစ်ပါကြောင်း။

ဒေါ်သန်းသန်း(၃-၃-၁၉၅၇)

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းထိုက်၏သား မောင်စိုင်းနွံလျှန်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်စိုင်းနွန်းလျှန်းဖြစ်ပါကြောင်း။

မောင်စိုင်းနွန်းလျှန်း

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂ လမ်း၊ ၁၂၀ x ၁၂၁ လမ်းကြားနေ ရန်မြင့်ကြူ (ဘ) ဦးလောအေ(ခ)ရန်ကောင်းဟွ(၁/မမန(နိုင်)၀၂၉၁၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၁၃၅၂၀

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။


(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာဖြင့် အစွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် မှန်ကန်သည့် မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေများနှင့် စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ထားမှုများရှိခြင်းတို့ကြောင့်ပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ပြုလုပ်သောဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇူလိုင် ၁ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၂ ရက်မှ ၃ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် ဇူလိုင် ၁

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စာမျက်နှာ ၂၁ ကော်လံ ၄ ❑

**မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားလေးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်**

စာမျက်နှာ- ၂၁

## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ရှောင်လမ်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၅၁၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၅၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး စာမျက်နှာ ၂၁ ကော်လံ ၁ ❍










ပဲခူးမြို့ရှောင်လမ်း၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

